မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်၊ ၂၀၀၇ ခုနှစ်၊ ဧပြီ ၂၆ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၀၃)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတထံ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတဟောင်း မစ္စတာဘောရစ်ယဲ့လ်ဆင် ကွယ်လွန်သွားခြင်းအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာဗလာဒီမာပူတင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မ ပါဠိပါရဂူ၊ ပရိယတ္တိသာသနာလင်္ကာရအကျော် ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ(Ph.D) ဆရာတော်ကြီး၏ ပြတိုက်ဖွင့်ပွဲနှင့် ရုပ်တုတော်ပူဇော်ပွဲ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညို

ရန်ကုန် ဧပြီ ၂၅

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မ ပါဠိပါရဂူ၊ ပရိယတ္တိသာသနာ လင်္ကာရအကျော် ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ (Ph.D) ဆရာတော်ကြီး၏ ပြတိုက်ဖွင့်ပွဲနှင့် ရုပ်တုတော်ပူဇော်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇နာရီတွင် ရန်ကုန်မြို့ ကမ္ဘာ့အေး တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ပြတိုက်စံကျောင်းတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မ ပါဠိပါရဂူ၊ ပရိယတ္တိသာသနာ လင်္ကာရအကျော် ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ (Ph.D) ဆရာတော်ကြီး၏ ပြတိုက်ဖွင့်ပွဲနှင့် ရုပ်တုတော်ပူဇော်ပွဲတွင် ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း နိုင်ငံတကာသတင်း၊ အင်တာနက်သတင်းနှင့် အားကစားအညွှန်း

ဂိုးသွင်း

အေစီမီလန်ဘက်သို့ မန်ယူတိုက်စစ်မှူး ရွန်နေဥသို့ထိုးဖောက်ဂိုးသွင်းယူခဲ့သည်။

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲပထမအကျော့ မန်ယူတို့အိမ်ကွင်း၌ အေစီမီလန်ကိုအနိုင်ရရှိ

ကမ္ဘာတစ်လွှားအားကစား (စာ-၁၂)

ကမ္ဘာဂြိုဟ်ကဲ့သို့ ဂြိုဟ်ကြီး အာကာသ ဟင်းလင်းပြင်၌တွေ့ရှိ



အင်တာနက်ဖောင်ပိတ်သတင်း (စာ-၁၃)

ကမ္ဘာ့အသေးငယ်ဆုံး ဓာတ်ပြားစက်

ကမ္ဘာတစ်လွှား ထူးထူးခြားခြား (စာ-၁၁)

မိုးလေဝသအခြေအနေ

၂၆-၄-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာ ရှိသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေး အချိန်အဟုန်မြှင့် ဝိုင်းဝန်းဆောင်ရွက်

ယာဉ်အန္တရာယ်ကြောင့် လူ့စွမ်းအားအရင်းအမြစ်ဆုံးရှုံးမှု၊ ဓနအင်အားဆုံးရှုံးမှုများ တစ်စတစ်စ တိုးပွားလာမှုကို ဟန့်တားနိုင်ရာ၌ နည်းလမ်းများ၊ လူထုအလေးထားမှုများအတွက် အထူးအာရုံစိုက် ဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။

လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ပထမအကြိမ် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုကို ၂၀၀၇ ခုနှစ် ဧပြီလ ၂၃ ရက်မှ ၂၉ ရက်နေ့အထိ ကမ္ဘာ့လှုပ်ရှားမှုအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။

ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် ပထမအကြိမ် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက် ရှိသည်။

ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် လမ်းများအဆင့်မြှင့်တင်ခြင်း၊ လှုပ်ရှားမှုပိုစတာများ စိုက်ထူခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့ပြီး လမ်းအသုံးပြုသူများ စနစ်တကျ သွားလာနိုင်ရန် အချက်အချာကျသည့် လူကူးမီးပွိုင့်များတွင် အသိပညာပေးမှုလုပ်ငန်းများကို ပြုလုပ်ပေးလျက် ရှိသည်။

ထို့အပြင် ယာဉ်အန္တရာယ်ကင်းဝေးရေး ပညာပေးမှုအစီအစဉ်များအဖြစ် ခရီးသွားပြည်သူများအား ယာဉ်နှင့် လမ်းစည်းကမ်းနှင့်ပတ်သက်၍ ပညာပေးဟောပြောပွဲများကျင်းပ၍ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

နိုင်ငံတော်အနေဖြင့် ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ၁၉၈၉ခုနှစ်မှစပြီး ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကော်မတီကို ဖွဲ့စည်းခဲ့ပြီး ပညာပေးလုပ်ငန်းများ၊ စစ်ဆေးအရေးယူမှုများ စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့မှုကြောင့် ယာဉ်မတော်တဆ ဖြစ်ပွားမှုများ လျော့နည်းစေခဲ့သည်။

သို့ဖြစ်ရာ ယာဉ်တိုက်မှုများ လျော့နည်းသည်ထက်လျော့နည်းအောင် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး လုပ်ငန်းများကို တိုင်းရင်းသားပြည်သူအားလုံးက သိမြင်သဘောပေါက်ကြပြီး အချိန်အဟုန်မြှင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၆-၄-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြပဟန်ဂီတသံ
၄း၁၅	၄။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၃၅	၅။	နားဝင်ငြိမ့်စီး သီချင်းကြီး
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	မြန်မာသံစဉ် ချိုနှားဝင်
၅း၃၀	၈။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၅း၃၅	၉။	ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၅း၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	မိုးလေဝသသတင်း
၆း၂၅	၁၄။	လျှပ်တစ်ပြက်
၆း၅၀	၁၅။	လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရှိတော့ ရှိတယ် ရှားတယ်** (အပိုင်း-၁၁)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၁။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **အထူးရဲ** (အပိုင်း-၁)

ထူးချွန်ကြက်ခြေနီ တွေ့ဆုံပွဲ (၂၀၀၇) ကျင်းပမည့်ရက် ပြောင်းလဲသတ်မှတ်

ရန်ကုန် ဧပြီ ၂၅

မြန်မာနိုင်ငံကြက်ခြေနီအသင်းက နှစ်စဉ်ကျင်းပလျက်ရှိသော ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ(၂၀၀၇)ကို ရန်ကုန်မြို့ လသာမြို့နယ် အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း၌ မေ ၃ရက်မှ ၈ရက်အထိ ကျင်းပမည့်အစား မေ ၅ရက်မှ ၉ ရက်အထိ ပြောင်းလဲကျင်းပသွားမည်ဖြစ်သည်။ ပြည်နယ်နှင့်တိုင်းများမှ ရွေးချယ်ခံရသော ထူးချွန်ကြက်ခြေနီများသည် မေ ၃ ရက်ထက်မစောမေ ၄ရက်ထက်နောက်မကျဘဲ ထူးချွန်ကြက်ခြေနီစခန်းသို့ ရောက်ရှိသတင်းပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း လှိုင်မြို့နယ်(၁၀)ရပ်ကွက် ပြည်လမ်း ၆ မိုင်နေ နှစ်ဖက်သော မိဘများနှင့် ကွယ်လွန်သူ ညီအစ်ကို၊ မောင်နှမများအား ရည်စူး၍ ဦးကြည်လင်၊ ဇနီး ဒေါ်မြတင်မိသားစုတို့က မွေးနေ့အထိမ်းအမှတ်အဖြစ် ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ငွေကျပ်နှစ်သိန်းသုံးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပေးအပ် လှူဒါန်း

မိခင်ဒေါ်ခင်ရီအား ရည်စူး၍ ရန်ကုန်မြို့ မှ ဖခင် ဦးလေးမောင်နှင့် သားသမီး၊ မြေးတစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လိုအပ်သောတည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများ အချိန်မီရရှိရေး စာရင်းဇယားပြုစုတင်ပြ

လုပ်ငန်းအလိုက် မှတ်တမ်းတင် သုတေသနပြုဆောင်ရွက်

ရန်ကုန် ဧပြီ ၂၅

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၂၃ ရက်က ပဲခူးတိုင်း ပဲခူးမြို့နယ် တောင်ဆတ်အင်းကျေးရွာ အထက်လေးမိုင်တွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁)က တာဝန်ယူတည်ဆောက်နေသည့် ဝါးကတုတ်ရေလှောင်တမံစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးမြင့်သန်းက စီမံကိန်းလုပ်ငန်းများဖြစ်သည့် ရေပိုလွှဲတည်ဆောက်ပြီးစီးနေမှု၊ ရေထိန်းမျှော်စင်၊ ရေထုတ်ပြွန်၊ ရေငြိမ်ကန်နှင့် ရေကျအဆောက်အအုံ တည်ဆောက်ပြီးစီးမှုများ၊ ပင်မတမံ၊ ကုန်းကြောတမံများ မြေကြီးဖို့လုပ်ငန်း၊ ကျောက်စီခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြပြီး ရေလှောင်တမံ၏ လက်ယာဘက် ကုန်းကြောတမံတွင် ဘိလပ်မြေ သရွတ်မှုတ်သွင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဦးစီးအရာရှိ(ဘူမိ) ဒေါ်ပွင့်သွယ်ဝင်းနှင့် ဒေါ်စိုးစိုးမွန်တို့က ရှင်းလင်းတင်ပြကြ၍ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးက စီမံကိန်း သတ်မှတ်ကာလ ပြီးစီးရေးအတွက် လိုအပ်သော တည်ဆောက်ရေးလုပ်ငန်းသုံး ပစ္စည်းများ အချိန်မီရရှိရေး စာရင်းဇယားပြုစု တင်ပြကြရန်၊ ဝန်ထမ်းများ အရည်အသွေး မြင့်မားရေးအတွက် ကွန်ပျူတာအပါအဝင်ကျွမ်းကျင်မှုသင်တန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ လုပ်ငန်းအလိုက် မှတ်တမ်းတင်သုတေသနပြု ဆောင်ရွက်ရန်မှာကြားပြီးတည်ဆောက် ပြီးစီးသွားသော အကျယ်ပေ ၃၀၊အလျားပေ ၄၃၀ရှိ သံကူကွန်ကရစ် အမျိုးအစား ရေပိုလွှဲကိုလည်းကောင်း၊ ရေထိန်းမျှော်စင် (၆ x ၄)ပေ အရွယ် အစားတံခါးတစ်ပေါက်ပါ သံကူ ကွန်ကရစ် အမျိုးအစား ရေထုတ်ပြွန်ပြီးစီးမှု၊ ရေငြိမ်ကန်၊ ရေကျ အဆောက်အအုံ၊ ပင်မရေတူးမြောင်း၊ စက်ယန္တရားကြီးများဖြင့် အလျား ပေ၆၄၀၀၊ အမြင့် ၈၆ပေရှိ ပင်မတမံ မြေကြီးလုပ်ငန်းများ၊ ကျောက်စီခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

အားဖြည့်ပေး

အဆိုပါ ဝါးကတုတ် ရေလှောင်တမံအား ယခုနှစ်မိုးရာသီတွင် စီးဝင်ရေကို စတင် သိုလှောင်ထားကာ ပင်မတမံပေါ် ရေကျော်မသွားနိုင်အောင် ယုတ်လျော့ဖြတ်ပိုင်းပုံ (Reduce Section)ဖြင့် ဆောင်ရွက်ပြီး နွေရာသီတွင် မိုးယွန်းကြီးအင်း အတွင်းသို့ တိုက်ရိုက် ထိန်းညှိလွှတ်သွင်းပေးနိုင်ခြင်းဖြင့် ရန်ကုန်မြို့ မိုင် ၃၀ ဝန်းကျင် အမြဲတမ်းစိမ်းလန်းစိုပြည်ရေးနှင့် နွေသီးနှံ စိုက်ပျိုးရေး စီမံချက်ကို အထောက်အကူပြု အားဖြည့်ပေးနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

26-4 (02) 1 4/25/07, 12:53 PM

■ ရှေ့ဖုံးမှ

အဆိုပါအခမ်းအနားသို့ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် အဂ္ဂမဟာပဏ္ဍိတ ဇမ္ဗူမော်ဆရာတော်ကြီး အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာနအကြံပေးပုဂ္ဂိုလ်ဦးအုံ့မောင်၊ မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကျောင်းဒါယကာ ကျောက်စာတိုင် အလှူရှင် သီရိသုဓမ္မ မဏိဇောတရေ ဒေါက်တာသာရင်မြတ်နှင့် ဖိတ်ကြားထားသူများ၊ ဆရာတော်ကြီး၏ တပည့် ဒါယကာ ဒါယိကာမများ တက်ရောက် ကြည်ညိုကြသည်။

ပက်ဖျန်းပူဇော်

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ပြတိုက်ကမ္ပည်း ကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်သည်။

ထိုအချိန်တွင် ဆရာတော်ကြီး၏ တပည့် သံဃာတော်များက ဂုဏ်တော်များ ရွတ်ပွား၍ ပူဇော်ကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တာဝန်ရှိသူများသည် ကျေးဇူးတော်ရှင် ဆရာတော်ကြီး ရုပ်တုတော်အား ဖူးမြော်ကြည်ညိုကြပြီး ပြတိုက်အတွင်း လှည့်လည် ကြည့်ရှုကြသည်။

ထို့နောက် မွန်းလွဲ ၂ နာရီတွင် တိပိဋကရေ စာမေးပွဲအောင် သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ကျင်းပရာ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် အဂ္ဂမဟာပဏ္ဍိတ ဇမ္ဗူမော်ဆရာတော်ကြီး အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုကြသည်။

သီလဆောက်တည်

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တာဝန်ရှိသူများ၊ ပရိသတ်တို့က သိရီပဝရဓမ္မာစရိယ(သိရောမဏိ)အဂ္ဂမဟာပဏ္ဍိတ ဝိဇ္ဇောတာရုံ စာသင်တိုက် ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တာဝန်ရှိသူများ၊ ပရိသတ်တို့က ဆရာတော်၊ သံဃာတော်များ ရွတ်ပွားတော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ အလှူရှင်များနှင့် ပရိသတ်တို့က ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်၏ တိုက်ကြပ် နာယက မဟာဂန္ထဝါစကပဏ္ဍိတ အရှင်ဉာဏိဿရက အပူဇော်ခံ သံဃာတော်များ၏ ထေရုပ္ပတ္တိအကျဉ်းချုပ်ကို ဖတ်ကြားလျှောက်ထားသည်။

ဆက်လက်၍ အင်္ဂုတ္တိုရ်ကျမ်းပြုအကျော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညိဿရာဘိဝံသ ရေးသားသော ဂါထာတော်များဖြင့် ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ နိုင်ငံကျော်ဓမ္မကထိက တွံတေး အရှင်ဣန္ဒကက ရွတ်ဖတ်ပူဇော်သည်။

ဖတ်ကြားလျှောက်ထား

ထို့နောက် တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၏ စာချဆရာတော် အရှင်တေဇဝန္တက အလှူရှင်များ၏ စာရင်းအကျဉ်းချုပ်ကို ဖတ်ကြားလျှောက်ထားသည်။

ယင်းနောက် အဂ္ဂမဟာ ပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ ထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တာဝန်ရှိသူများ၊ ပရိသတ်တို့က အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတဟောင်းကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်းလက်မှတ်ရေးထိုး

ရန်ကုန် ဧပြီ ၂၅

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူသည် ယနေ့ ညနေ ၄နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်းအမှတ်(၃၈)ရှိ ရုရှားဖက်ဒရေးရှင်း နိုင်ငံသံရုံးသို့သွားရောက်၍ ၂၀၀၇ခုနှစ် ဧပြီ ၂၃ရက်တွင် ကွယ်လွန်သွားသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတဟောင်း Mr. Boris Yeltsin အတွက် ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်းအထိမ်းအမှတ်စာအုပ်၌ လက်မှတ်ရေးထိုးသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် အီတလီသမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့အားတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၅

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဧပြီ၂၃ရက် ညနေပိုင်းတွင် အီတလီသမ္မတ နိုင်ငံ COELME မှ Mr. Francesco Basso နှင့်အဖွဲ့အား ဝန်ကြီးရုံးဧည့်ခန်းမ၌တွေ့ဆုံရာ လျှပ်စစ်စွမ်းအားဦးစီးဌာနမှ ဒေါက်တာသိန်းထွန်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

လှူဒါန်း

နှစ်ဖက် မိဘများအား ရည်စူး၍ အမှတ်–၅၉၇ ဝေဇယန္တာ အနောက် (၁၃)လမ်း ၆–ရပ်ကွက် သာကေတမြို့နယ်နေ ဒေါ်ပန်းငွေ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ် သုံးသိန်း လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးမှူး ဦးသန်းရွှေ လက်ခံယူစဉ်။ (က–ပ)

ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပမည်

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ ၁၃၆၉ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့) ဧပြီ၃၀ရက်(တနင်္လာနေ့) နံနက် ၅နာရီတွင် စေတီတော်ဩဝါဒါစရိယ ဆရာတော်များ ဦးဆောင်၍ ဆရာတော် သံဃာတော်အပါး၅၀ကျော်နှင့် ဂေါပကအဖွဲ့တို့က ဗုဒ္ဓမြတ်စွာ၏ကိုယ်ပွားတော် ပရိဘောဂစေတီတော်ဖြစ်သည့် ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြကာ ညောင်ရေသွန်းလောင်းပွဲတော်ကို ဖွင့်လှစ်မည်ဖြစ်သည်။

စီစဉ်ပေးထားမည်

ကဆုန်လပြည့်(ဗုဒ္ဓနေ့) တနင်္လာနေ့တွင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးသို့ လာရောက်ကြသော ဘုရားဖူးများ စိတ်ချမ်းမြေ့စွာ ညောင်ရေသွန်းလောင်း ပူဇော်နိုင်ရန် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများက ညောင်ရေအိုး အောင်သပြေ အမွှေးနံ့သာများကို နံနက် ၆ နာရီမှ ညနေ ၆နာရီအထိ စီစဉ်ပေးထားမည်ဖြစ်သည်။ နှစ်စဉ်နှစ်တိုင်းကဲ့သို့ စတုဒိသာ အလှူရှင်များက ဘုရားဖူးများကို အချိုရည်များ၊ ရေသန့်ဘူးများ၊ စားသောက်ဖွယ်ရာများကို လာရောက်လှူဒါန်းကြမည်ဖြစ်သည်။ စတုဒိသာကျွေးမွေးလိုသူများ ဂေါပကအဖွဲ့ရုံး ဖုန်း–၂၉၀၄၂၅၊ ၂၉၄၀၁၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညောင်ရေသွန်းပွဲမင်္ဂလာ

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာတောင်ညွန့်ရပ်ကွက် ၁၁၀ လမ်း ပဲခူးကျောင်းတိုက် အောင်ပြည်ငြိမ်းအေးစေတီတော်အနီး ဗုဒ္ဓဂယာမှ သယ်ဆောင်လာသော မဟာဗောဓိပင်မြတ်အား နှစ်စဉ်ညောင်ရေသွန်းပွဲကို ဧပြီ၃၀ရက် ကဆုန်လပြည့်နေ့(တနင်္လာနေ့)တွင် ညနေ၃နာရီမှ ဝတ်အဖွဲ့များ ဝတ်ရွတ်၍ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။ **(က–ပ)**

ပို့ကုန်သွင်းကုန်ဆိုင်ရာ သင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၂၅

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်(၄)ရပ် အောင်မြင်ရေးအတွက် ပါဝင်ဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူလူထုများအနေဖြင့် ဒေသပို့ကုန်မြှင့်တင်ရေး အရည်အသွေးမြင့် ပြည်ပပို့ကုန်တိုးချဲ့တင်ပို့ရေး၊ နိုင်ငံတကာကုန်သွယ်မှု မြှင့်တင်ရေးများတွင် ပိုမိုပါဝင်နိုင်ရေး ရည်ရွယ်ချက်များဖြင့် ကုန်သွယ်မှုစည်းရုံးပညာပေး မြှင့်တင်ရေးအဖွဲ့များသည် ပြည်နယ်တိုင်းအသီးသီးတို့တွင် အလုပ်ရုံဆွေးနွေးပွဲများကျင်းပပြီး ပို့ကုန်သွင်းကုန် လုပ်ငန်းများဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့ ထိရောက်မြန်ဆန်မှန်ကန်စေရန်အတွက် ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်းသင်တန်းအမှတ်စဉ်(၃၁)ကို ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၌ မေပထမပတ်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ တက်ရောက်လိုသူများသည် ပြည်နယ်တိုင်းအသီးသီးမှ ပုဂ္ဂလိကလုပ်ငန်းရှင်များသည် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန(စီမံရေးနှင့်လေ့ကျင့်ရေးဌာန) ရန်ကုန်ရုံးခွဲတွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ကျိုင်းတုံမြို့ သန့်ရှင်းသာယာရေး ဆောင်ရွက်

ရန်ကုန် ဧပြီ ၂၅

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျိုင်းတုံမြို့ သန့်ရှင်းသာယာလှပပြီး ကျန်းမာရေးနှင့်ညီညွတ်စေရေးအတွက် လ/ထညွှန်ကြားရေးမှူးဦးအောင်ဌေးကြွယ်နှင့် ဒုတိယဦးစီးမှူး(သန့်)ဦးသက်တင် ဦးစီးသောဝန်ထမ်းများသည် ဧပြီ၂၃ ရက်က ရုံးအတွင်းအပြင်သန့်ရှင်း သာယာလှပရေးဆောင်ရွက်ခြင်း၊ နောင်တုံကန်ပတ်လည်ပန်းအလှပင်များ ပုံဖော်ဆောင်ရွက်ခြင်း၊ ဈေးအတွင်းအပြင် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် သန့်ရှင်းရေးပြုလုပ်ခြင်း၊ အဓိကလမ်းမကြီးများတွင် အမှိုက်ကင်းစင်ရေးတို့ကို အမှုဆောင်အရာရှိ ဦးခင်ကျော်က ကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မေးကြည့် ဖြေကြည့် အေအိုင်ဒီအက်စ် ပဟေဠိပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဧပြီ ၂၅

ကျန်းမာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းစီစဉ်ဆောင်ရွက်သည့် မေးကြည့် ဖြေကြည့် အေအိုင်ဒီအက်စ် ပဟေဠိ ရေဒီယိုအစီအစဉ်ကို ယနေ့နံနက်ပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ကျင်းပရာ ဝါသနာရှင်များ ဝင်ရောက်ဖြေဆိုကြသည်။

ဆုများပေးအပ်

ဖြေဆိုသူများအနက် ပထမဆုကို မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ်မှ မသီသီလှိုင်၊ ဒုတိယဆုကို ရန်ကုန်တိုင်း သုံးခွမြို့နယ်မှ မဆွေဇင်ဝင်း၊ တတိယဆုကို ဧရာဝတီတိုင်း မအူပင်မြို့နယ်မှ မောင်ချစ်စုမောင်နှင့် နှစ်သိမ့်ဆုကို ပဲခူးတိုင်း ကဝမြို့နယ်မှ မထိုက်အိသူတို့က အသီးသီးရရှိကြပြီး ဆုများကို တာဝန်ရှိသူများကပေးအပ်သည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရေဒီယိုအစီအစဉ်မှ ပြည်သူလူထုနှင့်လူငယ်များအတွင်း အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ်ရောဂါဆိုင်ရာ အသိပညာများကို လေ့လာလိုစိတ် ပိုမိုများပြားလာပြီး ဗဟုသုတ ပြည့်စုံကြွယ်ဝကာ မိမိပတ်ဝန်းကျင်ရှိသူများအား အိပ်ချ်အိုင်ဗွီပိုး ကူးစက်မခံရအောင် ကာကွယ်တတ်စေရန်အတွက် ရည်ရွယ်ဆောင်ရွက်လျက်ရှိရာ “မေးကြည့် ဖြေကြည့် အေအိုင်ဒီအက်စ် ပဟေဠိ”အစီအစဉ်ကို လတစ်လ၏ နောက်ဆုံးပတ် စနေနေ့ ညနေ ၅ နာရီနှင့် တနင်္ဂနွေနေ့ ညနေ ၄နာရီတို့တွင် ရေဒီယိုအစီအစဉ်မှ လစဉ်ထုတ်လွှင့်သွားမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

“မေးကြည့် ဖြေကြည့် အေအိုင်ဒီအက်စ် ပဟေဠိ”ပြိုင်ပွဲတွင် ပါဝင်အဖြေညှိလိုသူ ဝါသနာရှင်များသည် အမှတ်(၄၄) သိမ်ဖြူလမ်း ရန်ကုန်မြို့ရှိ ကျန်းမာရေးဦးစီးဌာန ဗဟိုကျန်းမာရေးပညာဌာန ဖုန်း–၃၇၉၀၅၀ နှင့် အမှတ် ၈၇၊ ၈၉၊ ၉၁ ပန်းဆိုးတန်းလမ်းရှိ ခုခံအားကျကာလသားရောဂါတိုက်ဖျက်ရေး စီမံချက် ဖုန်း– ၂၄၆၇၀၄၊ ၃၇၈၆၅၁ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမာရွတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နယ်လှည့် စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ဧပြီ ၂၄ရက်က (၆)ရပ်ကွက် ပညာ့တန်ဆောင်စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ပြန်ဆက်ဦးစီးမှူး ဒေါ်တင်တင်ဦးနှင့်ရပ်ကွက်ဥက္ကဋ္ဌ ဦးစိုးဝင်းနိုင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

လူသုံးနည်း သစ်မျိုးများ ကျယ်ပြန့်စွာ သုံးစွဲရေး

ဝင်းလှိုင်ကျော်

လောက၌ "မရှိတာထက်၊ မသိတာခက်"ဟူသောစကားကို လူတိုင်းသိရှိနားလည်ကြသည်။ ရှိပြီးမသိလျှင် ပို၍ခက်သည်။ သိပြီးမလိုက်နာလျှင်မူ အခက်ဆုံးဟုဆိုရပေတော့မည်။ ယခုအခါ ကမ္ဘာနှင့်အဝန်းသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်လာကြသည်။ ရာသီဥတုများ ပြောင်းလဲလာခြင်း၊ ကမ္ဘာကြီးပူနွေးလာခြင်း၊ အိုဇုန်းလွှာပျက်စီးခြင်း၊ ကမ္ဘာ့မြောက်ပိုင်းဒေသရှိ ရေခဲများအရည်ပျော်လာခြင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်း၊ အက်စစ်မိုးရွာသွန်းခြင်း အစရှိသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာအမျိုးမျိုးတို့သည် ကမ္ဘာ့လူသားများကို ခြိမ်းခြောက်လျက်ရှိသည်။ အဆိုပါ ပြဿနာများ၏ အခြေခံအကြောင်းတရားများစွာတို့အနက် အရေးပါသော အချက်တစ်ချက်မှာ ကမ္ဘာ့နိုင်ငံများအလိုက် သဘာဝသစ်တောများကို ပြုစုထိန်းသိမ်းရာတွင် အားနည်းမှုပင်ဖြစ်သည်။ ဤအချက်ကို သတိပြုမိလာကြသည်နှင့်အညီ နိုင်ငံအသီးသီးတွင် သစ်တောသယံဇာတများကို ပြုစုစောင့်ရှောက်ခြင်း၊ အလေအလွင့်မရှိအောင် ထုတ်ယူခြင်း၊ အကျိုးရှိအောင်အသုံးချခြင်းစသည့် အစီအစဉ်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လာကြသည်။

ယင်းအစီအစဉ်များအနက် လူသုံးနည်းသစ်မျိုးများ (Lesser Used Species -LUS)ကို ဖော်ထုတ်၍ အဖိုးတန်သစ်များနေရာတွင် အစားထိုးသုံးစွဲခြင်းသည် တစ်ခုအပါအဝင် ဖြစ်လေသည်။ မည်သည့်သစ်အမျိုးအစားပင်ဖြစ်စေ၊ သဘာဝအလျောက် ဂုဏ်သတ္တိများကို ပိုင်ဆိုင်ကြသည်။ သစ်ကိုအသုံးပြုသူ လူသားတို့အနေဖြင့်မူ ကောင်းသတင်းဂုဏ်ပြည့်စုံ၍ နာမည်ကျော်ကြားလူသိများပြီး မလွဲမှားနိုင်သော သစ်မျိုးများကိုသာ ဦးစားပေးရွေးချယ်ကြသည်။ ဤသို့ဖြင့် အဖိုးတန်သစ်များ တဖြည်းဖြည်းရှားပါးကာ ဈေးနှုန်းအလွန်ကြီးမြင့်လာသည်ကို တွေ့ရသည်။ ထိုသို့ ဈေးနှုန်းကြီးမြင့်လာသဖြင့် ဝင်ငွေနည်းပါးသော ပြည်သူများ ဝယ်ယူသုံးစွဲနိုင်ခြင်းမရှိတော့ပေ။ ပို၍ဆိုးသောအချက်မှာ လူသိများသော အရည်အသွေးကောင်းသစ်များ တန်ဖိုးကြီးမြင့်လာသဖြင့် တရားမဝင်သစ်ခုတ်လှဲမှုများ နေရာအနှံ့အပြားတွင် ပိုမိုများပြားလာခြင်းပင်ဖြစ်သည်။ ယင်းအခြေအနေများကို တားဆီးကာကွယ်ရေးအတွက် လူသုံးနည်းသစ်မျိုးများ (LUS)ကို ရှာဖွေဖော်ထုတ်ခြင်း၊ ယင်းတို့၏ အသုံးဝင်မှုကို သုတေသနပြုခြင်း၊ ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်ခြင်း၊ တွင်ကျယ်စွာ အသုံးပြုလာနိုင်စေရန် အစီအစဉ်များချမှတ်ခြင်းတို့ကို အလေးထားဆောင်ရွက်လာကြသည်။

မြန်မာနိုင်ငံသည် တည်နေရာအနေအထားနှင့် မြေမျက်နှာသွင်ပြင်တို့ကြောင့် ရာသီဥတုအမျိုးမျိုး ရောနှောဖြစ်ပေါ်ကာ သဘာဝသစ်တောမျိုးစုံဖြစ်ထွန်း ပေါ်ပေါက်လျက်ရှိသည်။ မြန်မာ့သစ်တောများသည် အခြားနိုင်ငံများ၏သစ်တောများနှင့်မတူဘဲ သဘာဝအလျောက် သစ်တောအမျိုးအစားရှစ်မျိုးကွဲပြားစွာ ပေါက်ရောက်သည်။ ယင်းသို့ တောမျိုးစုံသည်နှင့်အညီ မြန်မာ့သစ်တောများအတွင်း သစ်ပင်မျိုးပေါင်း ၇၀၀၀ ခန့် ရှိသည့်အနက် အပင်ကြီးမျိုး ၁၃၄၇ မျိုးနှင့် အပင်ငယ် ၇၄၁ မျိုး ပါဝင်ပေသည်။ အပင်ကြီးမျိုး ၁၃၄၇ မျိုးအနက် ပြည်တွင်းသုံးနှင့်ပြည်ပဈေးကွက်အတွက် သစ်မျိုး ၈၅ မျိုးကိုသာ အုပ်စု ငါးခု ခွဲခြားသတ်မှတ်၍ ထုတ်ယူ သုံးစွဲလျက်ရှိသည်။ ပြည်ပသို့ အများဆုံးတင်ပို့သည့် သစ်မျိုးများမှာ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်နှင့် အင်၊ ကညင်တို့ဖြစ်ပြီး သစ်ယာ၊ အင်ကြင်း၊ တမလန်း၊ သင်းဝင်စသည်ဖြင့် စုစုပေါင်းသစ်မျိုး ၃၀ ခန့်သာ ပြည်တွင်း၊ ပြည်ပ ထုတ်လုပ်သုံးစွဲလျက်ရှိပါသည်။

မြန်မာ့သစ်တောများတွင် ပေါက်ရောက်နေသော သစ်အမျိုးအစားများနှင့် အချိုးအစားများကို လက်လှမ်းမီသမျှ ကိန်းဂဏန်းများအရ လေ့လာလျှင် ကျွန်း ၆ ဒသမ ၂ ရာခိုင်နှုန်း၊ ပျဉ်းကတိုး ၅ ဒသမ ၇ ရာခိုင်နှုန်း၊ ပိတောက် ၀ ဒသမ ၆ ရာခိုင်နှုန်း၊ အင်၊ ကညင် ၁၁ ဒသမ ၆ ရာခိုင်နှုန်း၊ သစ်ယာ၊ အင်ကြင်း ၈ ဒသမ ၄ ရာခိုင်နှုန်းနှင့် အခြားသစ်မျိုးများ ၆၇ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ရာ မြန်မာ့သစ်တောများအတွင်း လူသုံးနည်း သစ်မျိုးပေါင်းများစွာ တန်ပေါင်းသိန်းနှင့်ချီ၍ ထုတ်ယူသုံးစွဲနိုင်မည့် အလားအလာပင် ဖြစ်ပါသည်။

မြန်မာ့သစ်တောများအတွင်း ပေါက်ရောက်လျက်ရှိသော သစ်မာအများစုမှာ လူသိနည်းပြီး အသုံးပြုမှုနည်းကြသဖြင့်"လူသုံးနည်း သစ်မျိုးများ"အဖြစ်ခေါ်ဆိုရခြင်းဖြစ်သည်။ အကယ်စင်စစ် ယင်းတို့၏ သစ်အသုံးပြုမှုဆိုင်ရာ ဂုဏ်သတ္တိများ ညံ့ခြင်းကြောင့် မဟုတ်ချေ၊ သဘာဝအလျောက် ပေါက်ရောက်မှုကို ခန့်မှန်းတွက်ဆ၍ မရခြင်း၊ ပေါက်ရောက်မှုနည်းပါးခြင်းတို့ကြောင့်ဖြစ်သည်။ မြန်မာ့သစ်တောများအတွင်း ပေါက်ရောက်လျက်ရှိသော သစ်မာအမျိုးအစားများကို ယင်းတို့၏ ကြာရှည်ခံမှု (Durability)လိုက်၍ ကြာရှည်အသုံးခံသော သစ်မျိုးများ (Durable Timber)၊ အသင့်အတင့်ကြာရှည်အသုံးခံသော သစ်မျိုးများ(Semi-durable Timber)နှင့် ကြာရှည်အသုံးမခံသောသစ်မျိုးများ(Non-durable Timber)ဟူ၍ ခွဲခြားနိုင်ပါသည်။ မြန်မာ့သစ်မျိုး ၅၄မျိုးအား သစ်တောသုတေသနဌာနမှ ယင်းတို့၏ သစ်အင်္ဂါဗေဒလက္ခဏာများ၊ ရူပဆိုင်ရာဂုဏ်သတ္တိများ၊ ကြာရှည်ခံနိုင်မှုနှင့် ကြာရှည်ခံစေရန် ဆေးသွင်းနိုင်မှု အခြေအနေများကို သုတေသနပြုခဲ့ရာ သစ်မျိုး ၃၁မျိုးသည် အဆောက်အအုံဆောက်လုပ်ရာတွင် သင့်လျော်ကြောင်း တွေ့ရှိရပါသည်။ အလားတူ ပရိဘောဂပြုလုပ်ခြင်း၊ သစ်ပါးလွှာထုတ်လုပ်ခြင်း၊ ကြမ်းခင်းပစ္စည်း၊ မီးရထားဇလီဖား၊ ပန်းပု၊ လယ်ယာသုံးပစ္စည်း၊ ခဲတံ၊ မီးခြစ်ဘူး၊ သေတ္တာကြမ်းနှင့်တူရိယာပစ္စည်းစသည်ဖြင့် အသုံးအမျိုးမျိုးကို လိုက်၍ သင့်လျော်သော သစ်မျိုးများကို ရှာဖွေတွေ့ရှိထားပြီးဖြစ်ပါသည်။ ထို့အပြင် အသင့်အတင့်ကြာရှည်ခံသော သစ်မျိုးများနှင့်ကြာရှည်အသုံး မခံသော သစ်မျိုးများကို သစ်ဆေးသွင်းခြင်း(Impre gnation)နည်းဖြင့် သက်တမ်းနှစ်ဆမှ ၁၀ဆအထိ ပို၍ ကြာရှည်ခံအောင် ပြုပြင်နိုင်သည်ကို လေ့လာတွေ့ရှိရပါသည်။

မြန်မာနိုင်ငံသည် သဘာဝသစ်တောသယံဇာတ အရင်းအမြစ်ပေါများစွာ ပိုင်ဆိုင်ရုံမျှမက ကျွန်း၊ ပျဉ်းကတိုးစသည့် အဖိုးတန်သစ်မျိုးများ ပေါက်ရောက်မှုများပြားသဖြင့် ပြည်တွင်းသစ်သုံးစွဲမှုပမာဏအားလုံးနီးပါးတွင် အဖိုးတန်သစ်မျိုးများကိုသာ အဓိကထား၍ သုံးစွဲလျက်ရှိသည်။ ကျန်သစ်မျိုးများကိုမူ တန်ဖိုးထား၍ သုံးစွဲခြင်းမရှိဘဲ ကာလတို ယာယီလုပ်ငန်းများတွင်သာ သုံးစွဲလျက်ရှိကြသည်။ ထို့အပြင် အဆိုပါသစ်မျိုးများကို ကြာရှည်ခံစေရန် ပြုပြင်သုံးစွဲခြင်းမဟုတ်သဖြင့် သက်တမ်းကြာရှည်စွာ မသုံးနိုင်ဘဲ ပျက်စီးချို့ယွင်းသည့်အခါ အသစ်ထပ်မံသုံးစွဲရခြင်းကြောင့် စရိတ်စက ပိုမိုကုန်ကျရသည်။ အပြန်အလှန်အားဖြင့် ကြာရှည်ခံအောင် ပြုပြင်သုံးစွဲမည်ဆိုလျှင် သက်တမ်းပိုမိုသုံးစွဲနိုင်ခြင်းဖြင့် ကုန်ကျစရိတ်သက်သာရုံမျှမက တောတွင်းမှ အသစ်ထပ်မံခုတ်လှဲရခြင်း မရှိသဖြင့် သစ်တောထိန်းသိမ်းမှုကို အားပေးရာလည်း ရောက်ပေသည်။

လူသုံးနည်းသစ်မျိုးများကို တွင်ကျယ်စွာ သုံးစွဲခြင်းဖြင့် နိုင်ငံတော်၏ ပြည်ပဝင်ငွေကိုလည်း တိုးမြှင့်စေနိုင်မည်ဖြစ်သည်။ လက်ရှိအခြေအနေတွင် ပြည်တွင်း၌ အစိုးရဌာနများနှင့် ပုဂ္ဂလိကပြည်သူများအနေဖြင့် သုံးစွဲလျက်ရှိသော အဖိုးတန်သစ်မာများမှာ နှစ်စဉ် ကိန်းဂဏန်းများအရ တန်သိန်းနှင့်ချီလျက်ရှိသည်။ ယင်းသစ်မာများနေရာတွင် လူသုံးနည်း သစ်မျိုးများကို အစားထိုးသုံးစွဲ၍ ပိုလျှံလာသော အဖိုးတန် ကျွန်း၊ ပျဉ်းကတိုးစသည့် သစ်မာများကို နိုင်ငံခြားဈေးကွက်သို့ တင်ပို့ခြင်းဖြင့် ပြည်ပဝင်ငွေ ပိုမို ရရှိနိုင်ပေသည်။ ထိုသို့ ပြည်ပဝင်ငွေ တိုးမြှင့်ရှာဖွေနိုင်ခြင်းကြောင့် တောတွင်း ခုတ်လှဲမှုကို လျှော့ချနိုင်ပြီး၊ သဘာဝသစ်တောများ ထိန်းသိမ်းနိုင်ခြင်း ဟူသော ဆင့်ပွားအကျိုးကျေးဇူးကို ရရှိပေဦးမည်။

သစ်တောရေးရာ ဝန်ကြီးဌာနသည် အထက်ပါ အကျိုးရလဒ်များကို မျှော်မှန်းလျက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လူသုံးနည်း သစ်မျိုးများ ကျယ်ပြန့်စွာအသုံးပြုရေးကို စီမံချက်ချမှတ်၍ ဆောင်ရွက်လျက်ရှိသည်။ စီမံချက်ရေးဆွဲ ဆောင်ရွက်ရခြင်း၏ အဓိကရည်ရွယ်ချက်များမှာ–

(က) ပြည်သူလူထုအား အဆောက်အအုံ၊ ပရိဘောဂနှင့် အခြားသစ်သားထည်ပစ္စည်းများ ပြုလုပ်ရာတွင် ကျွန်းနှင့်အခြားစီးပွားရေး ရောင်းတန်းဝင် သစ်မျိုးများအစား လူသုံးနည်းသစ်မျိုးများဖြင့် ပြုလုပ်နိုင်ခြင်းကို သိရှိနားလည် လက်ခံလာနိုင်စေရန်။

(ခ) ကျွန်းနှင့် အခြားစီးပွားရေး ရောင်းတန်းဝင် သစ်မျိုးများကို စွဲလမ်းနှစ်ခြိုက်စွာ သုံးစွဲနေခြင်းမှ ပြောင်းလဲလာစေရန်။

(ဂ) သစ်သား အသုံးပြုမှုလုပ်ငန်းများတွင် လူသုံးနည်း သစ်မျိုးများဖြင့် ကျယ်ပြန့်စွာ အစားထိုး ထုတ်လုပ်သုံးစွဲလာကြစေရန်

တို့ဖြစ်ပါသည်။

မူလစီမံချက်အရ ပြည်နယ်၊ တိုင်းအလိုက် မြန်မာ့သစ်လုပ်ငန်းသစ်ဆိုင် ၁၇ဆိုင်တွင် လူသုံးနည်း သစ်မျိုးများဖြင့် နမူနာအိမ်များဆောက်လုပ်ပြသရန်ဖြစ်ရာ ၂၀၀၆ခုနှစ် ဒီဇင်ဘာလကုန်အထိ သစ်ဆိုင်ကိုးဆိုင်တွင် နမူနာအိမ်များ ဆောက်လုပ်ပြသထားပြီး ဖြစ်သည်။ နမူနာအိမ်များ ဆောက်လုပ်ပြီး ပြသထားသော သစ်ဆိုင်များမှာ ကယားပြည်နယ် လွိုင်ကော်သစ်ဆိုင်၊ စစ်ကိုင်းတိုင်း စစ်ကိုင်းသစ်ဆိုင်နှင့် မုံရွာ သစ်ဆိုင်၊ မန္တလေးတိုင်း မန္တလေးသစ်ဆိုင်၊ ကျောက်ဆည်သစ်ဆိုင်နှင့် ပျဉ်းမနားသစ်ဆိုင်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အေးသာယာသစ်ဆိုင်၊ ပဲခူးတိုင်း(အရှေ့) ပဲခူးသစ်ဆိုင်နှင့် ရန်ကုန်တိုင်း မြောက်ဒဂုံသစ်ဆိုင် တို့ ဖြစ်ပါသည်။

မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနသည် သစ်တောရေးရာဝန်ကြီးဌာန၏ ဦးဆောင်မှုကို ခံယူ၍ လူသုံးနည်းသစ်များ ကျယ်ပြန့်စွာ အသုံးပြုရေး စီမံချက်ကို အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှတွက်ချက်မှုအရ နမူနာဆောက်လုပ်ပြသထားသော အိမ်တစ်လုံးလျှင် ပျမ်းမျှအားဖြင့် သစ်ခွဲသားငါးတန်ခန့် အသုံးပြုရကြောင်း သိရှိရပါသည်။ မြန်မာ့သစ်လုပ်ငန်းရောင်းဈေးနှုန်းဖြင့် သစ်ခွဲသားတန်ဖိုး ကျပ်နှစ်သိန်းခန့် ကုန်ကျ၍ ဆောက်လုပ်ရေးပစ္စည်းများနှင့် လက်သမားခ နှစ်ရပ်ပေါင်း ကျပ်ရှစ်သိန်းခန့်ဖြစ်ရာ အိမ်တစ်လုံးလျှင် စုစုပေါင်းကျပ် ၁၀ သိန်းခန့် ကုန်ကျကြောင်း သိရှိရပါသည်။ ယင်းဌာနသည် ပြည်နယ်၊ တိုင်းအလိုက်ထွက်ရှိနိုင်မည့် လူသုံးနည်း သစ်မျိုးများအား ထုတ်လုပ်ခွဲစိတ်၍ အသင့်အသုံးပြုနိုင်မည့် သစ်ခွဲသားများကို ပြည်နယ်၊ တိုင်း သစ်ဆိုင်များတွင် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ထို့အပြင် စီမံချက်၏ ဒုတိယဆင့်လုပ်ငန်းအဖြစ် ခရိုင်အဆင့်မြို့ကြီးများရှိ သစ်ဆိုင်များတွင်လည်း နမူနာအိမ်များ ဆောက်လုပ်ပြသသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသူများသည် သက်ဆိုင်ရာဒေသအလိုက်သစ်ဆိုင်များတွင် ကြည့်ရှုလေ့လာနိုင်ကြမည်ဖြစ်သည်။ ဆက်လက်၍ ကြာရှည်မခံသည့် သစ်မျိုးများအား ဆေးစိမ်ခြင်းနည်းပညာနှင့် လိုအပ်သည့် သစ်ကြာရှည်ခံဆေးများ ဖြန့်ဝေရေးကို စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံသည် ဒေသတွင်း၌လည်းကောင်း၊ ကမ္ဘာ့အဆင့်တွင်လည်းကောင်း သစ်တောသယံဇာတကြွယ်ဝမှု၊ ရေရှည်တည်တံ့အောင်ထိန်းသိမ်းထားရှိမှုများနှင့် ပတ်သက်၍ ထင်ရှားသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ အဖိုးတန်သစ်မျိုး ပိုင်ဆိုင်မှုနှင့်ပတ်သက်လျှင် မြန်မာ့ကျွန်းသည် တစ်ကမ္ဘာလုံးက တလေးတစား တန်ဖိုးထားရသော သစ်မျိုးဖြစ်သည်။ ထို့အပြင် အခြားအဖိုးတန်သစ်မာများဖြစ်သည့် ပျဉ်းကတိုး၊ ပိတောက်၊ သစ်ယာ၊ အင်ကြင်းတို့သည်လည်း ကမ္ဘာ့ဈေးကွက်တွင်ရှေးယခင်ကတည်းက နာမည်ရပြီးသော သစ်မျိုးများဖြစ်သည်။ ယခုအခါကမ္ဘာနှင့် အဝန်း သစ်ကုန်ကြမ်းရှားပါးမှုကို ရင်ဆိုင်တွေ့ကြုံနေရပြီဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း အခြားနိုင်ငံများကဲ့သို့ အခက်အခဲမြောက်မြားစွာ မရှိစေကာမူ အနည်းနှင့်အများ သစ်ရှားပါးမှုကို စတင်ကြုံတွေ့လာရသည်။ အဓိကအကြောင်းရင်းမှာ လူဦးရေတိုးပွားလာခြင်း၊ ဝယ်လိုအားမြင့်တက်လာခြင်း၊ သစ်တော ကာကွယ်ထိန်းသိမ်းမှုစနစ်အရ လိုသလောက် ထုတ်ယူသုံးစွဲရန် ခွင့်မပြုနိုင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

ဤသို့သော အခြေအနေမျိုးတွင် လူသုံးနည်း သစ်မျိုးများကို ပြည်သူတစ်ရပ်လုံးက ကျယ်ပြန့်စွာ အသုံးပြုနိုင်ရေးသည် အလွန်အရေးပါသော ပြောင်းလဲမှုတစ်ရပ် ဖြစ်ပေသည်။ ယခုလောလောဆယ်တွင် လူနေအိမ်ဆောက်လုပ်သုံးစွဲရေးကို ဦးတည်ဆောင်ရွက်လျက်ရှိသကဲ့သို့ နောင်တွင်ပရိဘောဂလုပ်ငန်း၊ ပန်းပုလုပ်ငန်း အစရှိသည့် သစ်သားထည်ဆိုင်ရာလုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက်သွားရမည်ဖြစ်သည်။ အချုပ်အားဖြင့်ဆိုပါမူ မြန်မာ့သစ်တောများတွင် လူသုံးနည်း သစ်မျိုးများအမြောက်အမြား ရှိနေပါသည်။ ယင်းသို့ ရှိနေသည်ကိုလည်းကောင်း၊ သုံးစွဲနိုင်သည့် အခြေအနေကိုလည်းကောင်း ပြည်သူများ သိရှိစေရန် သစ်တောရေးရာဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။ ပြည်သူလူထုအနေဖြင့် လူသုံးနည်း သစ်မျိုးများ၏ ဂုဏ်သတ္တိနှင့်အရည်အသွေးကို သိရှိနားလည်အောင် လေ့လာကြရန် လိုအပ်ပါသည်။ ယင်းသို့ သိရှိနားလည် ပြီးလျှင်လည်း လက်ခံသုံးစွဲကြရန် လိုအပ်ပါသည်။ သို့မှသာ **"ရှိတာကိုလည်း သိ၊ သိတဲ့အတိုင်းလည်း လိုက်နာ"**ခြင်းဖြင့် အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်နိုင်ကြမည် ဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။ ။

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) သစ်ဆိုင်တွင် ဆောက်လုပ်ထားသော နမူနာအိမ်ကို တွေ့ရစဉ်။

အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်၊ တီဘီနှင့် ငှက်ဖျားရောဂါ ကာကွယ်ကုသရေး အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ ပြည်သူများ ကျန်းမာရေးအဆင့်အတန်းမြင့်မားရေး ပူးပေါင်းပါဝင်

ရန်ကုန် ဧပြီ ၂၅

ကျန်းမာရေးဝန်ကြီးဌာန၊ တနင်္သာရီတိုင်း ကျန်းမာရေးဦးစီးဌာန၊ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော ၂၀၀၇ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဧပြီ ၇ ရက် မွန်းလွဲ ၂ နာရီက မြိတ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦး တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ခင်ဇော်ဦးက အမှာစကားပြောကြားရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး စတင်ဖွဲ့စည်းခဲ့သည့် ဧပြီ ၇ရက်ကို ကမ္ဘာ့ကျန်းမာရေးနေ့အဖြစ် သတ်မှတ်ပြီး နှစ်စဉ်အထိမ်းအမှတ် လှုပ်ရှားမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ်ဆောင်ပုဒ်မှာ **"အနာဂတ်ဘဝ လုံခြုံဖို့ ကျန်းမာရေးအတွက် ရင်းနှီးစို့"** ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးဆိုသည့် လူမှုရေးဦးတည်ချက်နှင့်အညီ အနှစ် ၃၀ အမျိုးသားကျန်းမာရေး နှစ်ရှည်စီမံကိန်းကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး လူသားများကို ဒုက္ခပေးနေသည့် HIV/AIDS၊ တီဘီ၊ ငှက်ဖျားရောဂါဆိုးကြီး သုံးရပ် ကာကွယ်ကုသရေး အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများ ကျန်းမာရေးအသိပညာမြင့်မားရေးနှင့် ကျေးလက်နေ ပြည်သူများကျန်းမာရေး အဆင့်အတန်းမြှင့်တင်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသဖြင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ တနင်္သာရီတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်လှက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မာဂရက်ချမ်း၏ ၂၀၀၇ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ သဝဏ်လွှာကို လည်းကောင်း၊ မြိတ်မြို့ အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာ မောင်မောင်မြင့်က ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၏ ၂၀၀၇ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ သဝဏ်လွှာကို လည်းကောင်း ဖတ်ကြားကြကြောင်း သတင်းရရှိသည်။**(မြို့နယ် ပြန်/ဆက်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေ နှစ်ဧကဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများဆောက်လုပ်ရန်အတွက် ဖခင်ဦးရှင်းမား (အသုတ်)အား ရည်စူး၍ ရေဝတီတိုင်း အသုတ်မြို့နေ အမိ ဒေါ်ကျင်မွှံနှင့် သား ဦးသိန်းဝင်း(ခေတ္တ–U-S-A) သားသမီး၊ မြေးမြစ်တစ်စုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့် ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ပြည်တော်သာအရှင်စန္ဒန(မဗ္ဗာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အရေးပေါ်လူနာများအတွက် သွေးလှူဒါန်း

ရန်ကုန် ဧပြီ ၂၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက သွေးလှူဒါန်းပွဲကို ဧပြီ ၁၁ ရက်က မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးတွင် ကျင်းပရာ မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ရပ်ကွက်များနှင့် ရွှေပေါက်ကံ၊ ဝေဘာဂီမြို့သစ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အဖွဲ့ဝင် စုစုပေါင်း ၇၈ ဦး လာရောက်သွေးလှူဒါန်းသည်။**(အောက်ပုံ)**

သွေးများကို အရေးပေါ်လူနာများအတွက်ရည်စူး၍ လှူဒါန်းခြင်းဖြစ်ပြီး လစဉ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ဧပြီ၂ရက်က တိပိဋကမဟာဂန္ထဝင် နိကာယ်ကျောင်းတိုက် ဆွမ်း၊ ဆေး၊ ပညာရေး၊ ရေ၊ မီးနှင့် ပစ္စည်းလေးပါးပဒေသာပင် ငါးပင်အတွက် အလှူငွေ ကျပ်ငါးသိန်းကို ဖားကန့်မြို့ ရတနာစိမ်းကုမ္ပဏီဦးဝင်းသိန်းက လှူဒါန်းရာ ကပ္ပိယကာရက ဦးစောကြိုင်က လက်ခံယူစဉ်။ (က–ပ)

မဟာဝိဇယစေတီတော် ကဆုန်ညောင်ရေသွန်းပွဲ

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်တိုင်း ဓမ္မရက္ခိတကုန်းတော်၌ တည်ထားကိုးကွယ်သည့် မဟာဝိဇယစေတီတော်မြတ်ကြီး၏ (၂၁)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ၁၃၆၉ခုနှစ် ကဆုန်လပြည့်(ဧပြီ၃၀ရက်) တနင်္လာနေ့ နံနက် ၈ နာရီတွင် စေတီတော်ကြီး၏ မဟာဗောဓိပင်၌ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ ဘာသာရေးအသင်းအဖွဲ့များနှင့် ရဟန်းရှင်လူ ပြည်သူများက ညောင်ရေသွန်းလောင်းကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လက်မှတ်ရ စာရင်းကိုင် သင်တန်းဖွင့်မည်

ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန၏ စီမံမှုဖြင့် သမဝါယမသင်တန်းကျောင်း တောင်ကြီးတွင် လက်မှတ်ရ စာရင်းကိုင်သင်တန်း (၁၈/၂၀၀၇)ကို မေ ၃ ရက်မှ ဩဂုတ် ၁၈ ရက်အထိ (တနင်္လာနေ့မှ သောကြာနေ့အထိ) နံနက် ၉နာရီမှ ညနေ၃ နာရီအထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ အခြေခံပညာ အထက်တန်းဖြေဆိုထားသူများ တက်ရောက်နိုင်ပြီး သင်တန်းပြီးဆုံးပါက အစိုးရ အသိအမှတ်ပြု (CBA)လက်မှတ်အပ်နှင်းမည်ဖြစ်ပြီး ရပ်ဝေးမှ သင်တန်းတက်လိုသူများအတွက် ကျောင်းအိပ် ကျောင်းစား လက်ခံပေးမည်ဖြစ်ကြောင်းနှင့် အသေးစိတ် သိလိုပါက ဖုန်း–၀၈၁–၂၁၃၂၀သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)

မြန်မာ့အလင်း ပြည်တွင်း သတင်း အတိုအထွာ

မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ စိမ့်စမ်းရေသွယ် ရေပေးဝေရေးဖွင့်

၂၀၀၆–၂၀၀၇ခုဘဏ္ဍာရေးနှစ်တွင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ကျေးရွာပြည်သူလူထု ပူးပေါင်းဆောင်ရွက်သော မော်ဟန်ကျေးရွာ စိမ့်စမ်းရေသွယ်ရေပေးဝေရေး ဖွင့်ပွဲအခမ်းအနားကို မတ် ၂၃ ရက် နံနက် ၉ နာရီက မော်ဟန်ကျေးရွာ စိမ့်စမ်းရေသွယ်ရေပေးဝေရေး ဖွင့်ပွဲမှခ်ဦး၌ကျင်းပရာ မိုးညှင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်ထွန်းက အမှာစကား ပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းဟန်၊ လက်ထောက်အင်ဂျင်နီယာ ဦးဇော်မျိုးထွေးနှင့် မော်ဟန်ကျေးရွာဥက္ကဋ္ဌ ဦးအောင်သိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ အဆိုပါ သဘာဝ စိမ့်စမ်းရေသွယ်ပေးဝေရေးလုပ်ငန်းကို စုစုပေါင်းငွေကျပ် ၉၆ သိန်း သုံးသောင်းငါးထောင် အကုန်အကျခံဆောင်ရွက်ခဲ့ကြောင်းသိရသည်။**(မြို့နယ် ပြန်/ဆက်)**

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေး

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးညွှန့်ဆောင်နှင့် ဝန်ထမ်းများ၊ မြောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသိန်းနှင့် ဝန်ထမ်းများသည် မတ်၂၂ရက်နံနက် ၉ နာရီက မြောင်မြို့နယ် မရိုးကုန်းကျေးရွာ၊ ကူးတို့ကုန်းကျေးရွာနှင့် ဖွားစောကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့သွားရောက်၍ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက် ကော်မတီဝင်များ၊ ကျေးရွာ ပြည်သူများနှင့်တွေ့ဆုံ၍ စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ အဆောက်အအုံရရှိရေး၊ စာအုပ်များတိုးပွားရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ စာအုပ်ထိန်းသိမ်းနည်းစနစ်များကို ရှင်းလင်းဆွေးနွေးရာ စာကြည့်တိုက်ကော်မတီဝင်များက မိမိတို့ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်ပတ်သက်၍ မေးမြန်းကြသည်။ ထိုသို့မေးမြန်းချက်များအပေါ် ခရိုင်ဦးစီးအရာရှိ ဦးညွှန့်ဆောင်နှင့် မြို့နယ်ဦးစီးမှူး ဦးသိန်းတို့က ပြန်လည်ဆွေးနွေးကြောင်းသိရသည်။ (ခရိုင် ပြန်/ဆက်)

နွေရာသီသင်တန်းများဖွင့်ပွဲ အခမ်းအနား ကျောက်ဖြူ၌ကျင်းပ

ကျောက်ဖြူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့၏ခါနွေဦးနွေရာသီ လှုပ်ရှားမှုအဖြစ် နွေရာသီသင်တန်းများ ဖွင့်လှစ်ပွဲအခမ်းအနားကို ဧပြီ၁ ရက်နံနက်၈နာရီက ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်အတွင်းရေးမှူး ဒေါက်တာခင်စိုးက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းများ ရှင်းလင်း ပြောကြားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပညာ့အလင်းရောင် စာကြည့်တိုက်ဖွင့်

တောင်ငူမြို့နယ် အနောက်ခြမ်း ပဲခူးရိုးမတောင်ခြေရှိ ဇီးကုန်းကျေးရွာအုပ်စု ပဲကြီးခုံကျေးရွာ၌ ဧပြီ ၇ ရက် နံနက် ၁၀ နာရီက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပညာ့အလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကျင်းပရာ ဇီးကုန်းကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကံရှိန်၊ ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးကျော်မြင့်တို့က ဖဲကြိုးဖြတ်၍ အလင်းရောင်စာကြည့်တိုက်ကို ဖွင့်လှစ်ပေးပြီး မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က ဂျာနယ်၊ စာစောင်၊ မဂ္ဂဇင်း၊ သုတရသ စာအုပ်များကို ရပ်ကွက်ဥက္ကဋ္ဌ ဦးကံရှိန်ထံ ပေးအပ်လှူဒါန်းကြသည်။ **(၀၃၀)**

ဝမ်းလျှော၊ ဝမ်းပျက်ရောဂါနှင့် အပူဒဏ်ကာကွယ်ရေး အသိပညာပေး

မကွေးတိုင်း မကွေးမြို့နယ် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ဝမ်းလျှော၊ ဝမ်းပျက်ရောဂါနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဧပြီ ၁၂ရက် နံနက် ၉နာရီက ကုန်သည်ကြီးများ အသင်းခန်းမ၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုက အမှာစကား ပြောကြားပြီး တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်စမ်းစမ်းမြင့်က အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြောင်း သိရသည်။ (က–ပ)

မင်းဘူးမြို့မဈေး မီးဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဈေးကြီးမီးဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် မြို့နယ်မီးသတ်တပ်ဖွဲ့ ဈေးအရန်မီးသတ်တပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဈေးအကျိုးဆောင်အဖွဲ့များ ပူးပေါင်း၍ မီးဘေးကာကွယ်ရေး သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ခြင်း အခမ်းအနားကို ဧပြီ ၃ ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့မှူးတို့ကြပ်မတ်ဆောင်ရွက်ပေးသည်။**(မြို့နယ်စည်ပင်)**

ရိုးရာနှစ်သစ်ကူးပွဲတော်ကြိုဆို စုပေါင်းသွေးလှူဒါန်း

၁၃၆၈ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူးပွဲတော်ကို ကြိုဆိုသောအားဖြင့် ကျောက်ဆည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ စုပေါင်းသွေးလှူဒါန်းပွဲကို ဧပြီ ၁၀ ရက် နံနက် ၁၀ နာရီက ကျောက်ဆည်မြို့ အထွေထွေရောဂါ အထူးကုဆေးရုံကြီး သွေးလက်ခံဌာန၌ ကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန့်၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးသီဟဆွေနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်မောင်မယ်များက သွေးပုလင်း ၃၀ တို့ကို စုပေါင်း လှူဒါန်းကြကြောင်း သိရသည်။ (က–ပ)

နွေရာသီ အခြေခံကွန်ပျူတာ သင်တန်းဖွင့်

မြန်မာ့လူ့ဘောင်ကို အစဉ်အမြဲသင်ယူလေ့လာနေသော လူ့ဘောင်ဖြစ်ရေးအတွက် လူငယ်လူရွယ်များအား နိုင်ငံတကာအဆင့်မီ ဘာသာရပ်များ သင်ယူနိုင်ခွင့်ရရှိရေးကိုရည်ရွယ်၍ အရာတော်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပညာ့အလင်းခေတ်မီစာကြည့်တိုက်၌ ဧပြီ ၁ ရက်နံနက် ၉ နာရီက အခြေခံ ကွန်ပျူတာသင်တန်း အမှတ်စဉ် (၁/၂၀၀၇) ဖွင့်ပွဲကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒုတိယရဲမှူးကျော်စိန်လင်းက အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးတင့်ဝေက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။ သင်တန်းတွင် သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည် ဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ယဉ်ကျေးလိမ္မာစာရိတ္တပညာသင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သော ယဉ်ကျေးလိမ္မာစာရိတ္တပညာသင်တန်းဖွင့်ပွဲကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကြို့ကုန်း(အရှေ့)ရပ်ကွက် သီရိရတနာဓမ္မာရုံ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းဌေးထံ ယဉ်ကျေးလိမ္မာစာရိတ္တပညာစာအုပ်များကို ပေးအပ်လှူဒါန်းသည်။

အဆိုပါ သင်တန်းကို ဧပြီ၂၆ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၁၆၀ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်ရှိ အတုလာဓိပတိ ကိုးထပ်ကြီးဘုရား (၁၄)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော်ကြီး ကိုစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၅ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သန်းက ဆွေးနွေးမှာကြားစဉ်။ (၁၂၉)

ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ယဉ်ကျေးလိမ္မာစာရိတ္တပညာသင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြတ်မင်္ဂလာဆရာတော် အရှင်သြဘာသ၏ ဂုဏာဝိသိဋ္ဌပူဇာသဘင်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၇)ဖြင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ဆက်ကပ်ချီးမြှင့်ခြင်းခံရသော ရန်ကုန်တိုင်းမြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေးကျောင်းတိုက် မြတ်မင်္ဂလာကျောင်းပဓာနနာယကဆရာတော် သဒ္ဓမ္မဇောတိကဓဇ အရှင်သြဘာသ၏ ဂုဏာဝိသိဋ္ဌပူဇာသဘင်နှင့် ဇမ္ဗူရတနာ ယဉ်ကျေးလိမ္မာ မင်္ဂလာသင်တန်း၏ ဂုဏ်ထူးဆောင်နာယက အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဦးအောင်ကြည်မြင့်အား ချီးကျူးဂုဏ်ပြုပွဲကို မေ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ဇမ္ဗူအေးကျောင်းတိုက် မြတ်မင်္ဂလာကျောင်းတိုက်၌ ကျင်းပမည် ဖြစ်ရာ အကြိုကလေးအထူးတရားပွဲ အဖြစ် မေ ၃ ရက် ညနေ ၄ နာရီတွင် အရှင်အာစာရလင်္ကာရ (စစ်ကိုင်းရွှေဟင်္သာ) ဟောကြားမည်ဖြစ်သည်။

ဆက်သွယ်နိုင်

ရပ်ဝေး ရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမများ၊ မိတ်ဆွေများ၊ အလှူရှင်များ အနေဖြင့် ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ဦးချို့အေး (ACA) ဖုန်း–၆၉၉၅၁၈၊ ၀၉–၀၈၂၀၄၀၀ နှင့် ဦးဘ ချို၊ ဦးအောင်သိန်း (မြတ်မင်္ဂလာကျောင်း) ဖုန်း–၆၉၀၄၉၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ရန်ကုန်တက္ကသိုလ် (ဗိုလ်တထောင်နယ်မြေ) ဓာတုဗေဒကျောင်းသားဟောင်းများ မိတ်ဆုံပွဲ

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်တက္ကသိုလ် (ဗိုလ်တထောင်နယ်မြေ) ၁၉၈၃–၈၇ ခုနှစ် ဓာတုဗေဒ ကျောင်းသားကျောင်းသူဟောင်းများ၏ (၉)ကြိမ်မြောက် မိတ်ဆုံစားပွဲကို မေ ၁ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား မြောက်ဘက်မုခ်အနီးရှိ M-3စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် မိတ်ဆုံပွဲနှင့်ပတ်သက်၍ သိရှိလိုပါက မဖြူဖြူအေး ဖုန်း–၃၉၄၇၄၀၊ ကိုအောင်သိန်း ဖုန်း–၀၉–၅၀–၁၀၇၅၀၊ ကိုမျိုးသန်း ဖုန်း– ၂၅၁၂၀၁၊ ကိုအောင်မြင် ဖုန်း– ၀၉–၅၁–၁၈၉၄၅နှင့် မသဇင်မောင် ဖုန်း–၂၉၅၉၁၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာ့ရုပ်မြင်သံကြား

၂၆–၄–၂၀၀၇ ရက်

(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး

၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက

၈:၀၅ ၆။ အတီးပြိုင်ပွဲ

၈:၁၅ ၇။ အကပဒေသာ

၈:၃၀ ၈။ International News

၈:၄၅ ၉။ Let's Go

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး

၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၁၆:၃၀ ၃။ English for Everyday Use

၁၆:၄၅ ၄။ တေးဂီတအစီအစဉ်

၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြုများ) [ရူပဗေဒ]

၁၇:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၁၇:၃၀ ၇။ **"အနိုင် အရှုံး"** (ပိစိ၊ ကောင်းမြတ်) (ဒါရိုက်တာ–ခင်နွဲ့နွဲ့မူ)

၁၇:၃၅ ၈။ တေးဂီတအစီအစဉ်

၁၇:၄၅ ၉။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ

၁၈:၀၀ ၁၀။ ညနေခင်းသတင်း

၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ

၁၈:၃၅ ၁၂။ သီရိဂေဟာ

၁၉:၀၀ ၁၃။ Discovery

၁၉:၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ်ရွက်ကလေး၏ရင်ခုန်သံ"** (အပိုင်း–၁၆)

၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း

၁၆။ နိုင်ငံတကာသတင်းများ

၁၇။ မိုးလေဝသအခြေအနေ

၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အကြင်နာနွေဦး"** (အပိုင်း–၂၉)

၁၉။ နောက်တစ်နေ့အစီအစဉ်

၂၀။ အစီအစဉ်ပြီး၏။

ခရိုင်ချင်းဆက်လမ်းများ အရည်အသွေးပြည့်မီရေး လုပ်ငန်းများ စနစ်တကျစီမံချက်ချဆောင်ရွက်

ရန်ကုန် ဧပြီ ၂၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင်တို့လိုက်ပါလျက် ဧပြီ ၂၄ ရက်က မှော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ ခရိုင်ချင်းဆက်လမ်း ညောင်နှစ်ပင်ရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမိုးကျော်က ၂၀၀၆–၂၀၀၇ ခုနှစ် ဆောင်ရွက်ပြီးသော မြို့ပြ/ကျေးလက် စည်ပင်သာယာရေးလုပ်ငန်းများနှင့် ၂၀၀၇–၂၀၀၈ ခုနှစ်အတွင်း ဆောင်ရွက်မည့် မြို့ပြ/ကျေးလက် စည်ပင်သာယာရေးလုပ်ငန်းများနှင့် ခရိုင်ချင်းဆက်လမ်း ၈ မိုင် ၅ ဖာလုံအား ကတ္တရာခင်းမည့် အစီအစဉ်များအား မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

စီမံချက်ချဆောင်ရွက်

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက လမ်းကတ္တရာခင်းရာတွင် နွေရာသီ၌ခင်းရန်၊ ကတ္တရာရည်များကို လမ်းခင်းကျောက်များအတွင်း စိမ့်ဝင်သွားအောင် လောင်းချပေးရန်၊ ယခင်နှစ် ဆောင်ရွက်ပြီး လုပ်ငန်းများကိုလည်း သတ်မှတ်ချက်အတိုင်း ပြီးစီးမှုရှိ၊ မရှိ၊ ပျက်စီးမှု ရှိ၊ မရှိ ပြန်လည်စစ်ဆေးကြရန်နှင့် ယခုဘဏ္ဍာရေးနှစ် ဆောင်ရွက်မည့် လုပ်ငန်းများအား စနစ်တကျစီမံချက်ချ၍ ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

လုပ်ငန်းဆိုင်ရာမှာကြား

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မှော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ယခုဘဏ္ဍာရေးနှစ်အတွင်း ကျောက်လမ်းမှ ကတ္တရာအဖြစ်သို့ တိုးမြှင့်ဆောင်ရွက်မည့် ခရိုင်ချင်းဆက်လမ်းရှိ ကျောက်များ စုဆောင်းထားရှိသည့် အခြေအနေများအား သွားရောက်စစ်ဆေးကြည့်ရှုပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

ပြုစုစိုက်ပျိုး

ထို့နောက် ဒုတိယဝန်ကြီးသည် ခရိုင်ချင်းဆက် လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာလာရာ တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်နေသည့် ခရိုင်ချင်းဆက်လမ်း ရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဝန်ကြီးက ခရိုင်ချင်းဆက်လမ်း ဖောက်လုပ်ရာတွင် ယခင်နှစ်အတွင်း ပြီးစီးခဲ့သော လုပ်ငန်းများကိုလည်း ပြန်လည်စစ်ဆေးဆောင်ရွက်ကြရန်နှင့် ရှေ့ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်း စနစ်တကျစီမံချက်ချ၍ ဘဏ္ဍာငွေများ သုံးစွဲကြရန်၊ ခရိုင်ချင်းဆက် လမ်းဘေးဝဲယာများတွင် အရိပ်ရအပင်သစ်များအား စိုက်ပျိုးရန်နှင့် လက်ရှိကျန်နေသော အရိပ်ရအပင်ကြီးများအားလည်း ရှင်သန်အောင် ပြုစုစိုက်ပျိုးရန် မှာကြားသည်။

စနစ်တကျသုံးစွဲ

ထို့နောက် ဒုတိယဝန်ကြီးသည် တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရောက်ရှိလာရာ မြို့နယ်စည်ပင်သာယာရေး လုပ်ငန်းများနှင့် ပတ်သက်၍ အမှုဆောင်အရာရှိ ဦးတင်ဝင်းနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ထွန်းတို့က ဒုတိယဝန်ကြီးအား ဘဏ္ဍာရေးနှစ်အလိုက် မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လုပ်ငန်းများဆောင်ရွက်ရာတွင်စေတနာထားဆောင်ရွက်ရေး၊ အဖွဲ့ဝင်ငွေကို စည်းမျဉ်းစည်းကမ်းနှင့်အညီ ရရှိရေး၊ လုပ်ငန်းများ အရည်အသွေး ပြည့်မီရေး၊ ဘဏ္ဍာငွေများ စနစ်တကျ သုံးစွဲရေးတို့အား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ဝဲပုံ)**

(သတင်းစဉ်)

ဆရာဆရာမများ အရည်အသွေးမြင့်မားရေး မွမ်းမံသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေး သင်တန်းကပို့ချသော ဘာသာရပ်များ ကြိုးပမ်းလေ့လာ

နေပြည်တော် မေ ၂၅

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့နံနက်ပိုင်းက လယ်ဝေးမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့၌ ဖွင့်လှစ်ပို့ချလျက်ရှိသော အခြေခံပညာမူလတန်းသင်ဆရာများ သင်ကြားရေးမွမ်းမံသင်တန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ကြိုးပမ်းလေ့လာ

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၉နာရီခွဲတွင် လယ်ဝေးမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက သင်တန်းဖွင့်လှစ်ပို့ချနေမှုအခြေအနေကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက သင်တန်းခန်းမ၌ သင်တန်းသား ဆရာဆရာမများနှင့် တွေ့ဆုံ၍ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆရာဆရာမများ အရည်အသွေးမြင့်မားရေးအတွက် မွမ်းမံသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိမှုနှင့် ဆရာဆရာမများကလည်း သင်တန်းကပို့ချပေးသောဘာသာရပ်များကို ကြိုးပမ်းလေ့လာသွားကြရန် မှာကြားကာ သင်တန်းသားများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ် အမှတ်(၁) အခြေခံပညာ မူလတန်းကျောင်း၌ ဖွင့်လှစ်ပို့ချပေးလျက်ရှိသော အခြေခံပညာမူလတန်းသင် ဆရာဆရာမများ မွမ်းမံသင်တန်းသို့ ရောက်ရှိကြပြီး သင်တန်းသား ဆရာဆရာမများအား တွေ့ဆုံ၍ ပညာရေးဆိုင်ရာကိစ္စများကို မှာကြားကာ သင်တန်းသားများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် ပညာရေးဝန်ထမ်းများတွေ့ဆုံပွဲကို မေ ၂၃ ရက်က စမ်းချောင်းမြို့နယ်အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း စံပယ်ဆောင်၌ကျင်းပရာ ဝန်ကြီးက အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်ပညာရေးမှူးများနှင့် ကျောင်းအုပ်ကြီးများက ကျောင်းလုပ်ငန်းစစ်ဆေးချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကိုဖြည့်ဆည်း မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် အဆိုပါကျောင်း၌ ဖွင့်လှစ်ပို့ချနေသော စမ်းချောင်းမြို့နယ် အခြေခံပညာမူလတန်းသင်ဆရာများ သင်ကြားရေးမွမ်းမံသင်တန်း သင်ကြားပို့ချမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဝန်ကြီးသည် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်တို့လိုက်ပါ၍ ရန်ကုန် အဝေးသင်တက္ကသိုလ်သို့ရောက်ရှိပြီး ဆွေးနွေးပွဲခန်းမ၌ဒုတိယပါမောက္ခချုပ်၊ပါမောက္ခဌာနမှူးများနှင့်တွေ့ဆုံရာ ရှေးဦးစွာ ဒုတိယပါမောက္ခချုပ် ဒေါက်တာမာလာအောင်က တက္ကသိုလ်၏ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာများ၊ ၂၀၀၆ ခုနှစ် စာမေးပွဲအောင်ချက် ရာခိုင်နှုန်းအခြေအနေ၊ ၂၀၀၇ခုနှစ် ကျောင်းဝင်ရာခိုင်နှုန်း အခြေအနေနှင့် ဘွဲ့နှင်းသဘင်ကျင်းပမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက အဝေးသင်ပညာရေးအရည်အသွေး မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ စာမေးပွဲစစ်ဆေးရေး၊ စာမေးပွဲအောင်ချက် မြင့်မားရေးအတွက် ဘာသာရပ်အလိုက် ဆန်းစစ်သုံးသပ်ရေး၊ ဘာသာရပ်ကျွမ်းကျင် တတ်မြောက်အောင် လေ့လာချက် လမ်းညွှန်ထုတ်လွှင့်ရေးအတွက် စီစဉ်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ယင်းနောက်ဝန်ကြီးသည်ကမာရွတ်မြို့နယ်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ဗဟန်းမြို့နယ်အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း **(အပေါ်ပုံ)**၊ ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ အလုံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းနှင့် လမ်းမတော်မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတို့၌ ဖွင့်လှစ်ထားသော မြို့နယ်အခြေခံပညာ မူလတန်းသင်ဆရာများ သင်ကြားရေး မွမ်းမံသင်တန်းများသို့ ရောက်ရှိပြီး သင်တန်းသားသင် တန်းသူများနှင့် တွေ့ဆုံ၍ ပညာရေးကဏ္ဍတွင် အခြေခံအုတ်မြစ်ဖြစ်သည့် မူလတန်းကျောင်းသား ကျောင်းသူများအား ပညာတတ်မြောက်အောင်သင်ကြားရေး၊ သင်ကြားရေး လုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေး၊ ပညာရည်မြင့်မားပြီး အရည်အသွေး ပြည့်ဝအောင်ကြိုးစားရေး၊ သင်ထောက်ကူ ပစ္စည်းများ အသုံးပြုသင်ကြားရေး၊ ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ရေးတို့အတွက် သင်တန်းကပို့ချသော ဘာသာရပ်များကို ကြိုးပမ်းလေ့လာသွားကြရန် မှာကြားသည်။

အဆိုပါ သင်တန်းများတွင် ပညာရေး သဘောတရား၊ ပညာရေးစိတ်ပညာ၊ သင်ပြနည်း၊ ပညာရေး မြှင့်တင်မှုအစီအစဉ်၊ ပညာရေးစီမံကိန်းလုပ်ငန်း၊ သင်ကြားရေးဘာသာရပ်များနှင့် ဖွံ့ဖြိုးရေး ဘာသာရပ်များကို ပို့ချသွားမည်ဖြစ်ပြီး မေ ၂၃ ရက်မှစ၍ မြို့နယ် ၃၁၉မြို့နယ်၌ ဖွင့်လှစ်ပို့ချလျက်ရှိရာ သင်တန်းသားဦးရေ ၄၈၇၆၀တို့ တက်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကင်းမြို့နယ် ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်း အာယုဒါန အလှူအဖြစ် Shoe Gallery Co.,Ltd နှင့် I.E petrolcum products သုမင်္ဂလာ အိမ်ရာနေ ဝန်ထမ်းများ စုပေါင်း၍ နှစ်သစ်ဦး ဒါနအဖြစ် အလှူငွေ ကျပ်သုံးသိန်း လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (၁၁၅)

နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲ တိုက်ကြီးမြို့နယ်တွင် ကျင်းပ

ရန်ကုန် မေ ၂၅

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို မေ၂၂ ရက် နံနက်ပိုင်းက တိုက်ကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်၊ တိုက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြကျော်၊ မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးထွန်းထွန်းဝေ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးလှဝင်း၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ယူကြမည့် ပြည်သူများတက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးစိုးပိုင်မြင့်က ပြည်သူများသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး စိစစ်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား(၈၅)ခုကို ပြည်သူများသို့ ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ခရိုင်ဦးစီးဌာနမှူးနှင့်အဖွဲ့ဝင်များသည် တိုက်ကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီး ဌာနမှူးနှင့် ဝန်ထမ်းများက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ပြည်သူများသို့ နိုင်ငံသား စိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကွင်းဆင်းဆောင်ရွက်

တိုက်ကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများသို့ နိုင်ငံသား စိစစ်ရေးကတ်ပြားများကို လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းမဟာစည်ဟိတေသီအဖွဲ့ ဂုဏ်ထူးဆောင်အမှုဆောင် သီဟသုဓမ္မ မဏိဇောတဓရ ဦးစိုးသိမ်း၊ အမှုဆောင် ဒေါ်ယဉ်ယဉ်နု (မြတ်မွန်ရတနာ သင်္ကန်းတိုက်) မိသားစုတို့က ဟိတေသီ နှစ်ထပ်ဓမ္မာရုံ ဆောက်လုပ်နိုင်ရန် အလှူငွေကျပ် နှစ်သိန်းကို လှူဒါန်းရာ ဟိတေသီအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်၊ ဒုတိယဥက္ကဋ္ဌ ဦးလှမောင်၊ ဦးဝင်းဆွေ နှင့် အဖွဲ့ဝင်များက လက်ခံယူစဉ်။ (က–ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ ရုံးခန်း (ဗဟန်း ၃ လမ်းမှတ်တိုင်အနီး)တွင် ဝေနေယျသုခ ရေချမ်းစင်အသင်း (၁၀၂) နှစ်ပြည့် အထိမ်းအမှတ် အသင်းသူ၊ အသင်းသားများကောင်းမှု ငွေကျပ် ငါးသိန်းကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ပုသိမ်မြို့ သမိုင်းဝင် ရွှေမုဋ္ဌောမဟာစေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၂၅

ပုသိမ်မြို့ သမိုင်းဝင်ရွှေမုဋ္ဌော မဟာစေတီတော်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရေးနှင့် အရှေ့ဘက် မုခ်ဦးစောင်းတန်း၊ အာရုံခံတန်ဆောင်းများ၊ ရုပ်ပွားတော်များ၊ အရံစေတီ(၁၆)ဆူတို့အား ပြုပြင်မွမ်းမံရေးအတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲကို မေ၁၇ ရက်(နှစ်ဆန်းတစ်ရက်နေ့)ကကျင်းပရာ ပုသိမ်အသင်း (ရန်ကုန်)က အလှူတော်ငွေကျပ် ၃၁သိန်းကို စေတီတော်အလှည့်ကျ သဘာပတိ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်စန်းထံ ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ စေတီတော်ကြီးအတွက် ပါဝင်လှူဒါန်းလိုသူများသည် ဖုန်း– ၀၄၂–၂၅၂၉၈၊၀၄၂–၂၄၂၇၇၊ ၀၄၂ –၂၅၂၄၂နှင့် ၀၄၂–၂၅၃၃၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထူးအယူခံခုံရုံး တရားမအထူးအယူခံမှု ကြားနာ

နေပြည်တော် မေ ၂၅

တရားရုံးချုပ် ဒုတိယ တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြင့်သိန်းနှင့် ဦးချစ်လွင်တို့ ပါဝင်သော အထူးအယူခံခုံရုံးသည် ယမန်နေ့ နံနက် ၁၀ နာရီက တရားရုံးချုပ် (နေပြည်တော်) တရားခွင် အမှတ်(၁)၌ ရုံးထိုင်၍ ၂၀၀၀ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ(၇)အရ တင်သွင်းသည့် တရားမ အထူးအယူခံမှုလေးမှုကို ကြားနာကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိကာယ်စာမေးပွဲကျင်းပမည်

ရန်ကုန် မေ ၂၅

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ် ကျင်းပမြဲဖြစ်သော နိကာယ်စာမေးပွဲကို ဇွန် ၅ ရက်မှစ၍ ဇွန် ၉ ရက်အထိ ငါးရက်တိုင်တိုင် သတ်မှတ်ထားသည့် စာဖြေဌာနများ၌ တစ်ပြိုင်နက်တည်း ကျင်းပမည် ဖြစ်သည်။

ဖြေဆိုခွင့်ပြုမည်

စာမေးပွဲ ကျင်းပစဉ်အတွင်း သတ်မှတ်အုပ်စု အသီးသီးတွင် ပါဝင်သော ပြဋ္ဌာန်းချက် ကျမ်းစဉ်များအလိုက် နေ့စဉ်မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ ဖြေဆိုခွင့်ပြုမည် ဖြစ်သည်။

ဆက်လက်ပေးပို့မည်

စာမေးပွဲ အချိန်စာရင်းများကို သက်ဆိုင်ရာ မြို့နယ် သံဃနာယက အဖွဲ့များသို့ ဆက်လက်ပေးပို့မည် ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်ခလုတ်နှိပ်ဖွင့်လှစ်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ အထူးဈေးရောင်းပွဲတော်မုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်ချီးမြှင့်

ရန်ကုန် မေ ၂၅

အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ အထူးဈေးရောင်းပွဲတော်ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်အရှေ့ ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်း ခုံးကျော်တံတားအနီးရှိ မြေကွက်လပ်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ အမှတ်(၁)စက်မှု ဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးဝင်းနောင်နှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်တို့က အထူးဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက အထူးဈေးရောင်းပွဲတော် မုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူးနှင့် ဧည့်သည်တော်များသည် အထူးဈေးရောင်းပွဲတော်၌ အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ရောင်းချနေမှုကို လိုက်လံကြည့်ရှု အားပေးကြသည်။

အဆိုပါ အထူးဈေးရောင်းပွဲတော်ကို ယနေ့မှ မေ ၄ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရောင်းချပေးသွားမည်ဖြစ်ပြီး အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများကို လက်လီလက်ကား ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✡ ကျောဖုံးမှ

မှာကြား

ထို့နောက် ဝန်ကြီးက ကိုဒူကွဲရေလှောင်တမံစီမံကိန်းကို သတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်ရေး၊ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ စုဆောင်းရရှိရေး၊စီမံကိန်းလုပ်ငန်းခွင်၌ ကျန်းမာရေး စောင့်ရှောက်မှုပေးရေး၊ သက်သာချောင်ချိရေးတို့ကို စနစ်တကျ ဆောင်ရွက်ပေးရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ရေလှောင်တမံ တည်ဆောက်မည့် မြေပြင်အနေအထားကိုလည်းကောင်း၊ ပင်မတမံအုတ်ကြောင်းရှင်းလင်းနေမှု၊သပ်ကျင်းတူးဖော်ရန် စီစဉ်ဆောင်ရွက်ထားမှုကိုလည်းကောင်း၊ အကျယ်ပေ ၃၀ ရှိ သံကူကွန်ကရစ်အမျိုးအစား ရေပိုလွှဲ တည်ဆောက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ပိုမိုပေးဝေနိုင်မည်

အဆိုပါ ကိုဒူကွဲရေလှောင်တမံ စီမံကိန်းမှာ ပဲခူးတိုင်း ပဲခူးမြို့နယ် ကိုဒူကွဲချောင်းပေါ်၌ တည်ဆောက်နေသည့် တမံအလျားပေ ၂၁၀၀၊ အမြင့်ပေ ၁၀၀ ရှိ မြေသားတမံအမျိုးအစားဖြစ်ပြီး ကန်ရေပြည့် ရေလှောင်နိုင်မှုပမာဏမှာ ဧကပေနှစ်သိန်းတစ်သောင်းကျော် ဖြစ်သည်။ စီမံကိန်းပြီးစီးပါက မိုးရာသီတွင် စီးဝင်ရေကို သိုလှောင်ထားပြီး နွေရာသီတွင် ဖောင်းတူရေလွှဲဆည်သို့ ရေကူပေးခြင်းဖြင့် ရန်ကုန်မြို့မိုင်၃၀ ပတ်ဝန်းကျင် အမြဲစိမ်းလန်းစိုပြည်ရေးနှင့် နွေသီးနှံစိုက်ပျိုးရေးတို့ကို စိုက်ပျိုးရေပိုမိုပေးဝေနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

✱ ကျောဖုံးမှ

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် ဧပြီ ၂၂ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း အနောက်ပိုင်း ပန်းတောင်းမြို့နယ်ရှိ အမှတ်(၂) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ (ထုံးဘို)ကို ကြည့်ရှုစစ်ဆေးရာ ရှေးဦးစွာ စက်ရုံရှင်းလင်းဆောင်၌ အထွေထွေမန်နေဂျာ ဦးတင့်လွင်က စက်ရုံ၏ ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်ပြည့်မီအောင် ထုတ်လုပ်မှုအခြေအနေ၊ စက်ရုံ၏ ဝင်ငွေနှင့်အသုံးစရိတ် အခြေအနေ၊ ၂၀၀၇-၂၀၀၈ခု ဘဏ္ဍာနှစ်အတွက် ထုတ်လုပ်မှုလျာထားချက်နှင့် ကုန်ကြမ်းပစ္စည်းများ ဝယ်ယူစုဆောင်းထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ယင်းနောက်ဝန်ကြီးက ထုတ်လုပ်မှုလုပ်ငန်းများကို လျာထားချက်ပြည့်မီ ကျော်လွန်အောင်ထုတ်လုပ်နိုင်ရေး၊ အရည်အသွေးပြည့်မီစေရေး၊ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့နည်းရေး၊ အလေအလွင့် နည်းပါးရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက်ဝန်ကြီးသည်စက်ပစ္စည်းအလုပ်ရုံ၌ ပစ္စည်းအစိတ်အပိုင်းများ စက်ခုတ်စားထုတ်လုပ် နေမှုများကိုလည်းကောင်း၊ တပ်ဆင်ရေးအလုပ်ရုံ၌ မာဇဒါဂျစ်ယာဉ်များ တပ်ဆင်ထုတ်လုပ်နေမှု များကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြံခင်းမြို့နယ်အသင်း (ရန်ကုန်)ကြီးမှူး နိဗ္ဗာန်ဈေးပွဲတော်နှင့် သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် မေ ၂၅

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)မှ အမှုဆောင်များနှင့် အသင်းဝင်များသည် ကြံခင်းမြို့သို့သွားရောက်၍ မြို့ခံအသင်းဝင်များနှင့်အတူ ဧပြီ၁၄ရက် (သင်္ကြန်အကျနေ့) နံနက်၉နာရီက ကြံခင်းမြို့နယ်အသင်း(ရန်ကုန်) ရေသဘင်မဏ္ဍပ်၌ အသက်(၈၅)နှစ်အထက် အဘိုးအဘွားများအား အလှူငွေနှင့်ပစ္စည်းများ ကန်တော့ခြင်း၊ ခေါင်းလျှော်ခြင်းနှင့် ခြေသည်းလက်သည်းလှီးဖြတ်ခြင်းများဖြင့် ကောင်းမှုကုသိုလ်များပြုလုပ်ခဲ့ကြသည်။

နှစ်ဆန်းတစ်ရက်နေ့ (၄၉)ကြိမ်မြောက် ရွှေရတုအကြို နိဗ္ဗာန်ဈေးပွဲတော်၌ ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)မှ နိဗ္ဗာန်ဈေးပွဲတော်လာပြည်သူများအား စတုဒိသာရွှေရင်အေးဖြင့် လူ ၂၀၀၀ မျှ တိုက်ကျွေးခဲ့ကြောင်းသိရသည်။

ထို့နောက် အသင်းဥက္ကဋ္ဌဗိုလ်မှူးကြီးစန်းလွင်(ငြိမ်း)က ကြံခင်းမြို့နယ်ရှိ ဌာနေကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ လာမည့်နှစ်(၅၀)ပြည့်ရွှေရတုနိဗ္ဗာန်ဈေးပွဲတော်သို့ မိမိတို့အသင်းမှ လာရောက်ကျွေးမွေးမည်ဖြစ်ပြီး အသင်းအတွင်းရေးမှူး ဦးစိန်ငွေက နှစ်စဉ်မပျက် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ သင်္ကြန်ပွဲတော်သို့ မိမိတို့မြို့နယ်အသင်းမှ လာရောက်ဆင်နွှဲရင်း ကုသိုလ်ကောင်းမှုများပြုလုပ်ကြမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ **(က-ပ)**

အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်၊ အဘိဓမ္မာဂုဏ်ထူးဆောင်နှင့် ပါဠိစာပေသင်တန်းများဖွင့်လှစ်မည်

ရန်ကုန် မေ ၂၅

နှစ်စဉ် ဖွင့်လှစ်ပို့ချမြဲ သာသနာရေးဦးစီးဌာန အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်နှင့် အဘိဓမ္မာဂုဏ်ထူးဆောင် သင်တန်းများကို မေ ၅ ရက်မှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များတွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိလည်းကောင်း၊ ပါဠိစာပေသင်တန်းများကို ညနေ ၄ နာရီမှ ညနေ ၅ နာရီ ၁၅ မိနစ်ထိ လည်းကောင်း ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာ ဓမ္မသဘင် ခန်းမဆောင်ကြီးအောက်ထပ်တွင် သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

တက်ရောက်လိုသော ပုဂ္ဂိုလ်များသည် ဖုန်း-၆၆၆၁၄၈၊ ၆၅၃၁၉၅၊ ၆၆၅၄၆၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပြီး သင်တန်းဖွင့်မည့်နေ့ နံနက် ၁၁ နာရီအရောက် လာရောက်၍ စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်းသိရသည်။ **(က-ပ)**

တရားဟောကြားမည်

ရန်ကုန် မေ ၂၅

၁၃၆၉ ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓအခါတော်နေ့)မေ ၃၀ ရက် (တနင်္လာနေ့)နံနက် ၇ နာရီတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစီအစဉ်မှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် သုဓေ္ဒးတန်းကျောင်း ဆရာတော် ဘဒ္ဒန္တ မာနိတသိရီဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)အမှူးပြုသော ဆရာတော်ငါးပါးတို့က **"ဗုဒ္ဓအခါတော်နေ့ တရားတော်"**နှင့် **"ဗုဒ္ဓါဘိသေကအနေကဇာတင်ပါဠိတော်များ"**ကို အသံလွှင့်ဟောကြားတော်မူကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲကို ဧပြီ ၁၁ရက်က (က)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ရီရီရှိန်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးကိုကိုဝင်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၄-၂၀၀၇ **(ကြာသပတေးနေ့)**

- ၇:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇:၀၅ စာမရခြင်းအကြောင်းအရင်း တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရ)
- ၈:၀၀ Myanmar Tea Cocktail Competition
- ၈:၁၅ တေးဂီတအစီအစဉ်
- ၈:၂၀ ယနေ့သိပ္ပံနှင့်နည်းပညာ
- ၈:၃၅ တေးဂီတအစီအစဉ်
- ၈:၄၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (ကက်ကင်း)
- ၉:၁၀ ပြည်တွင်းသတင်းအကျဉ်း
- ၉:၂၀ Say It In English(1)
- ၉:၃၀ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၃၅ ပြည်တွင်းအနုပညာရေးရာ
- ၁၀:၀၅ တေးဂီတအစီအစဉ်
- ၁၀:၁၀ အရသာထူးကဲဆယ့်နှစ်ရာသီပိန္နဲ
- ၁၀:၃၅ မိုးလေဝသခန့်မှန်းချက်
- ၁၀:၄၀ Myanmar Graphic Art Show 2007
- ၁၁:၂၀ တေးဂီတအစီအစဉ်
- ၁၁:၂၅ မြန်မာမှုအနုလက်ရာပန်းပု (အပေါင်း)ပညာ
- ၁၁:၄၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၅၀ ပဉ္စမအကြိမ်မြောက် မန္တလေး ကွန်ပျူတာနည်းပညာပြပွဲ
- ၁၂:၂၀ တေးဂီတအစီအစဉ်
- ၁၂:၃၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂:၃၅ ဆီးချို၊ သွေးချိုရောဂါအကြောင်း ဟောပြောချက် (အပိုင်း-၁) (ဒေါက်တာတင့်ဆွေလတ်)
- ၁၂:၅၅ တေးဂီတအစီအစဉ်
- ၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ် မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲရွှေရတု စိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် နှစ်ဖက်သော မိဘများဖြစ်ကြသော ဦးလှကြိုင်-ဒေါ်မေမေတင်နှင့် ဦးခင်မောင်ညွန့်-ဒေါ်ရင်နုတို့ကို အမှူးထား၍ ဦးခင်မောင်ကြိုင်-ဒေါ်ခင်မျိုးညွန့် မိသားစုတို့က အလှူငွေကျပ် တစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ဝင် ဦးတင်မြင့်ဦးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအထိမ်းအမှတ် လမ်းဖွင့်ပွဲ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက်ဖွင့်လှစ်

ရန်ကုန် ဧပြီ ၂၅

ပထမအကြိမ် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအထိမ်းအမှတ် ကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ သတ်မှတ်ထားသောနေရာများ၌ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက်ဖွင့်လှစ်ပေးသည်။

ရွှေဦးစွာ တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တာလမ်း (ပါရမီလမ်းနှင့် ရတနာလမ်းကြား)ကတ္တရာ ကွန်ကရစ် လမ်းဖွင့်ပွဲ အခမ်းအနားကို နံနက် ၇ နာရီ ၁၅ မိနစ်တွင် ဝေဇယန္တာလမ်းနှင့် ပါရမီလမ်းဆုံ၌ ကျင်းပရာ ရန်ကုန်တိုင်း ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ ဝန်ထမ်းများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ရန်ကုန်တိုင်း ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းတို့က ဖဲကြိုးဖြတ်၍ **(အပေါ်ပုံ)** ဖွင့်လှစ်ပေးကြပြီး တာဝန်ရှိသူများနှင့်အတူ လမ်းအတွင်း ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ဆောင်ရွက်ခဲ့

ဝေဇယန္တာလမ်း (ပါရမီလမ်းနှင့် ရတနာလမ်းကြား)သည် အရှည်ပေ ၈၀၀၀၊ အကျယ် ၇၂ ပေရှိ ခြောက်လမ်းသွား ကတ္တရာကွန်ကရစ်လမ်းဖြစ်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အလားတူ သဃ်န်းကျွန်းမြို့နယ် စံပြရပ်ကွက် စံပြ(၆)လမ်း ကတ္တရာ လမ်းဖွင့်ပွဲကို နံနက် ၇ နာရီ မိနစ် ၄၀ တွင် လေးထောင့်ကန်လမ်းနှင့် စံပြ (၆)လမ်း လမ်းဆုံ၌ ကျင်းပသည်။ ဆက်လက်၍ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တာဝန်ရှိသူများသည် မင်္ဂလာကမ္ပည်း မော်ကွန်းကျောက်စာကို နံ့သာရည်များ ပက်ဖျန်းပေးပြီး လမ်းအတွင်း ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။ စံပြ(၆)လမ်း ကတ္တရာလမ်းသစ်သည် အရှည်ပေ ၈၃၀၊ အကျယ် ၁၀ ပေဖြစ်ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းနှင့် ရပ်ကွက်ပြည်သူလူထု၏ ထည့်ဝင်ငွေတို့ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် သဃ်န်းကျွန်းမြို့နယ် ရေနံ့သာကတ္တရာလမ်းဖွင့်ပွဲကို နံနက် ၈ နာရီတွင် သံသုမာလမ်းနှင့် ရေနံ့သာလမ်းဆုံ၌ကျင်းပသည်။ ဆက်လက်၍ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက မင်္ဂလာကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ရေနံ့သာလမ်း ကတ္တရာလမ်းသစ်သည် အရှည်ပေ ၁၆၅၀၊ အကျယ် ၁၅ ပေ ဖြစ်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ရပ်ကွက်ပြည်သူလူထု၏ ထည့်ဝင်ငွေဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဖဲကြိုးဖြတ်ဖွင့်

ရန်ကုန်တိုင်း ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ပထမအကြိမ် ကုလသမဂ္ဂ ကမ္ဘာလုံး ဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် နံနက် ၈ နာရီခွဲတွင် သဃ်န်းကျွန်း မြို့နယ် ရန်ကုန်သစ်ရပ်ကွက် အကွက်(၃၀)ရှိ နှင်းဆီနက်ကတ္တရာလမ်းဖွင့်ပွဲကို နံနက် ၈ နာရီ ၄၅ မိနစ်တွင် အဆိုပါလမ်း၌ ကျင်းပရာ ရန်ကုန် မြို့တော်စည်ပင် သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် နှင်းဆီနက်လမ်း လမ်းဖြစ် မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

နှင်းဆီနက်ကတ္တရာလမ်းသစ်သည် အရှည်ပေ ၄၅၀၊ အကျယ် ၁၅ ပေ ဖြစ်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် ရပ်ကွက်ပြည်သူလူထု၏ ထည့်ဝင်ငွေဖြင့်အကုန်အကျခံဆောင်ရွက် ခဲ့ခြင်း ဖြစ်သည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်း ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ပထမအကြိမ် ကုလသမဂ္ဂ ကမ္ဘာလုံး ဆိုင်ရာလမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်း ယာဉ် စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာန ချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ကျော်ကျော်ထွန်း၊ ရန်ကုန်တိုင်း ယာဉ် စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီ တွဲဖက်အတွင်းရေးမှူး ကြီးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်နှင့် တာဝန် ရှိသူများသည် ရန်ကုန်မြို့ ကမ္ဘာအေး စေတီလမ်း ကမ္ဘာအေးစေတီတော်ရှေ့ရှိ လူကူးမျဉ်းကျားနှင့် ရန်ကုန်–ပြည်လမ်း ရာမညကျောင်းဆောင်ရှေ့ရှိ လူကူး မျဉ်းကျားနေရာတို့၌ ပြည်သူများ လမ်း အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး အတွက် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကူညီဆောင် ရွက်ပေးနေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ရွှေသင်္ကန်းအလှူတော် မဟာသံ့သာရ ရုပ်ပွားတော်မြတ်အား ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းနှင့် ဘက်စုံအလှူ တော်အတွက် လမ်းမတော်မြို့နယ် လမ်းသစ်ရိပ်သာ တိုက်အမှတ် ၉၊ အခန်း ၆နေ ဦးသိန်းထွန်း–ဒေါက်တာ အိအိသိန်း၊ သမီး ဒေါက်တာ အိချောစု တို့က အလှူတော်ငွေကျပ် ၂၅၆၀၀၀ ကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်း (အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတရေ) ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဧပြီ ၂၅ ရက်က မင်္ဂလာ တောင်ညွန့်မြို့နယ် သိမ်ဖြူဈေးသာ ယာရေးအဖွဲ့က ကြီးမှူး၍ (၂၇)ကြိမ် မြောက် မဟာပဋ္ဌာန်းပူဇော်ပွဲတွင် ဈေးသာယာရေးအဖွဲ့က ဆရာတော် ထံ ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

(က–ပ)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် တရားစခန်းပွဲများ

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်မြို့ ဗဟန်း အမှတ် ၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်ကြီး၌ ၁၃၆၉ ခုနှစ် ဝါပ ကာလတရားပွဲများကို တစ်လနှစ်ကြိမ် ကျင်းပလျက်ရှိရာ မေ ၅ ရက်မှ ၁၄ ရက် အထိ သဇင်ရေကျော်ကျောင်းဆရာတော် ဦးဉာဏောဘာသကလည်းကောင်း၊ မေ ၂၀ ရက်မှ ၂၉ ရက်အထိ ပြည်ဆရာ တော် ဦးဓမ္မောသဓကလည်းကောင်း၊ ဇွန် ၅ ရက်မှ ၁၄ ရက်အထိ မိုးကုတ် ဝိပဿနာ နိဗ္ဗာန်ရွှေဂူတောရကျောင်း ဧယျ၀တီဆရာတော် ဦးသောဘန (ဓမ္မာစရိယ BA.)ကလည်းကောင်း၊ ဇွန် ၂၀ ရက်မှ ၂၉ ရက်အထိ မော်ကျွန်း ဆရာတော် ဦးကုဏ္ဍလက လည်း ကောင်း၊ ဇူလိုင် ၅ ရက်မှ ၁၄ ရက်အထိ ဆရာတော်ဦးသုနန္ဒ မိုးကုတ်မြို့က လည်းကောင်း၊ ဇူလိုင် ၂၀ ရက်မှ ၂၉ ရက် အထိ မြောက်ဥက္ကလာ ဇမ္ဗူအေး ကျောင်းဆရာတော် ဦးဓမ္မသာရက လည်းကောင်း ကျေးဇူးတော်ရှင် အဂ္ဂ မဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး ၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ် ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည် ဖြစ်သည်။ အသေးစိတ်သိလိုပါက ဖုန်း–၅၄၁၈၆၀ သို့ ဆက်သွယ်စုံစမ်း နိုင်ကြောင်း သိရသည်။ **(က–ပ)**

တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့အာဇာနည်များအား ချီးကျူးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၅

သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၅၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ် ဆက်ကပ်ပွဲနှင့် ပူဇော်ပွဲအခမ်းအနားကို (၁၃၆၉ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်) မေ ၂၆ ရက်(စနေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေး ကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာ တော်ကြီးများ၊ တိပိဋကဓရ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော် များ၊ စာထောက်စာမဆရာတော်များ၊ ပင့်သံဃာတော်များနှင့် ယခုနှစ်တွင် ပြန်ဆိုရေးဖြေအောင်မြင်တော်မူကြသော တိပိဋကဓရ တစ်ပါး၊ မူလအဘိဓမ္မ ကောဝိဒ တစ်ပါး၊ မူလ အာဘိဓမ္မိက နှစ်ပါး၊ ဒီဃနိကာယ ကောဝိဒ သုံးပါး၊ ဒီဃဘာဏက လေးပါး၊ ဝိနယကောဝိဒ လေးပါး၊ ဝိနယဓရ ၁၁ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ခုနစ်ပါး၊ ဥဘတောဝိဘင်္ဂရေ အပါး၄၀ စုစုပေါင်းစာအောင် သံဃာ ၇၃ ပါး အပါအဝင် ပင့်သံဃာ ၂၄၆ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော် လှူဒါန်းမည်ဖြစ်သဖြင့် ကြွရောက် ကြည်ညိုကြရန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ကြိုတင်၍ သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ကြည် ဖုန်း– ၆၆၀၇၆၆ ထံတွင်လည်းကောင်း ၂၀၀၇ ခုနှစ် ဧပြီ ၂၄ ရက်မှစ၍ ဝိဇယမင်္ဂလာ ဓမ္မသဘင် အနောက်ဘက် အလှူခံမဏ္ဍပ်နှင့် ကမ္ဘာအေးစေတီအရှေ့ဘက်မုခ် အလှူခံမဏ္ဍပ်တွင် လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

တာဝန်ကိုအလွဲသုံးစားပြု၍ ငွေကြေးရယူမှုနှင့် ဌာနဆိုင်ရာငွေကြေးအလွဲသုံးစားပြုလုပ်မှုတို့ဖြင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းငါးဦးအား အရေးယူ

နေပြည်တော် ဧပြီ ၂၅

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ထာဝစဉ်သယ်ပိုး ဖြည့်ဆည်းပေးလျက်ရှိသည်။ ထို့အပြင် မှန်ကန်သည့် တာဝန်ထမ်းဆောင်မှုပေးနိုင်ရေးအတွက် အထက်အကြီးအကဲများက အခါမလပ် လမ်းညွှန်မှာကြားလျက်ရှိပြီး ဝန်ကြီးဌာနများက ပြည်သူလူထု ၏ အကျိုးကိုကဏ္ဍအလိုက် ကောင်းမွန်မှန်ကန်သော နည်းလမ်းများဖြင့် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိရောက်စွာအပြစ်ပေးအရေးယူ

ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် ပြည်သူလူထုအပေါ် မမှန်မကန် မပြုနိုင်ရေးအတွက်လည်း ထိခိုက်နစ်နာသူဘက်က နည်းလမ်းတကျ တိုင်ကြား နိုင်သည့် လမ်းကြောင်းများကို ဖွင့်လှစ်ပေးလျက်ရှိသည်။ တိုင်ကြားမှုတိုင်း အပေါ် စနစ်တကျ စုံစမ်းစစ်ဆေးမှုပြုလုပ်၍ မှန်ကန်ပါက ထိရောက်စွာ အပြစ်ပေး အရေးယူလျက်ရှိသည်။

ယင်းသို့ ပူးပေါင်းဆောင်ရွက်မှုများအရ သစ်တောရေးဝန်ကြီးဌာနက ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် နမ့်ခိုက်ကျေးရွာတွင် တာဝန်ထမ်း ဆောင်နေသည့် တောအုပ်တစ်ဦးနှင့် တောခေါင်းနှစ်ဦးတို့အား တာဝန်ကို အလွဲသုံးစားပြု၍ ငွေကြေးများရယူနေမှုဖြင့် ရာထူးချ၍ တရားစွဲဆိုထား ကြောင်း။

တရားစွဲဆိုအရေးယူ

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်တွင် ၂၀၀၅ ခုနှစ် ကျွန်း စိုက်ခင်းထူထောင်ရာ၌ ဌာနဆိုင်ရာ ငွေကြေးအလွဲသုံးစားပြုလုပ်မှုဖြင့် တောအုပ်ကြီးတစ်ဦးနှင့် တောအုပ်တစ်ဦးတို့အား အလွဲသုံးစားပြုခဲ့သည့် ငွေကြေးကို ပေးလျော်စေပြီး ရာထူးချ၍ တရားစွဲဆို အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဟာဓမ္မရံသီအိမ်တော်ရာစေတီတော် ကဆုန်ညောင်ရေသွန်းပွဲတော်ကျင်းပမည်

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မ ကျောင်းလမ်းရှိ မဟာဓမ္မရံသီ အိမ်တော်ရာ စေတီတော်မြတ်ကြီး ဂေါပက အဖွဲ့က ကြီးမှူး၍ ကဆုန်ညောင်ရေ သွန်းပွဲတော်ကို ၁၃၆၉ ခုနှစ် ကဆုန် လပြည့်နေ့ (တနင်္လာနေ့) နံနက် ၇ နာရီခွဲတွင် စေတီတော်ကြီး၏ အင်္ဂါ ထောင့်ရှိ မဟာဗောဓိပင်၌ ကျင်းပ မည်ဖြစ်ရာ ကုသိုလ်ရှင်များအနေဖြင့် ဂေါပကအဖွဲ့ရုံးခန်း ဖုန်း–၃၈၃၇၉၄ သို့ ဆက်သွယ်၍ တက်ရောက်ပူဇော် သွန်းလောင်းနိုင်ကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

ဘားအံမြို့နယ်အသင်း(ရန်ကုန်) ပထမအကြိမ် သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၅

ဘားအံမြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲအခမ်းအနားကို ဗဟန်းမြို့နယ် ဗိုလ်ချုပ်(၂)ရပ်ကွက် မြရတနာကျောင်းတိုက်တွင် ဧပြီ ၂၂ ရက်က ကျင်းပရာ အသင်းသားများက အဘိုးအဘွားများအား လှူဖွယ်ပစ္စည်းများနှင့် ပူဇော်ကန်တော့ခဲ့ကြသည်။ **(အောက်ပုံ)** **(က–ပ)**

သဲအင်းဂူပဋ္ဌာန်းပွဲ

ရန်ကုန် ဧပြီ ၂၅

ရွှေပြည်သာမြို့နယ် ၆/၁၀ ရပ်ကွက်၊ သဲအင်းဂူ နယ်ရိပ်သာ အမှတ်(၄)ကျောင်းတိုက်တွင် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဧပြီ ၃၀ ရက်မှ မေ ၄ ရက်အထိ (ကဆုန် လပြည့်နေ့–မှ လပြည့်ကျော် ၄ ရက်) စနေနေ့အထိကျင်းပမည်ဖြစ်ရာ နာကြား လိုသူများ၊ အလှူရှင်များ၊ ကုသိုလ်ရှင် များ ကြွရောက်ကြရန် ဖိတ်ကြားထား ကြောင်း သိရသည်။ **(၃၅၂)**

ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၈)ရပ်ကွက် သာသနာ့ရက္ခိတ ဓမ္မာရုံ အသစ် ပြန်လည်တည်ဆောက်ရေး ပထမ အကြိမ် အလှူငွေပေးအပ်ပွဲကို ဧပြီ ၂၁ ရက်က အဆိုပါဓမ္မာရုံ၌ ကျင်းပရာ မတည် အလှူရှင် ဦးမောင်မောင်–ဒေါ်စန်း (အန်တီ စန်း) မိသားစုက အလှူငွေ ကျပ် နှစ်သိန်း လှူဒါန်းရာ မြို့နယ် ဥက္ကဋ္ဌ ဦးတင့်ကျော်လွင်က လက်ခံ စဉ်။ (က–ပ)

26-4 (09) 1 4/25/07, 12:53 PM



အာဂျင်တီးနား၌ မိုးသည်းထန်၍ သီးနှံများပျက်စီး

ဗျူနိုအေရိစ် မေ ၂၅

အာဂျင်တီးနားနိုင်ငံ အလယ်ပိုင်းနှင့် အနောက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် အမေရိကန်ဒေါ်လာ သန်း ၄၅၀ခန့် ဆုံးရှုံးသွားသည်။

ယင်းမိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ပဲပုပ်တန်ချိန်နှစ်သန်း၊ ပြောင်းတန်ချိန်နှစ်သိန်းနှင့် ကျွဲ၊ နွားတိရစ္ဆာန် ၂၇၅၀၀ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကန်တပ်ဖွဲ့ဝင် ၃၃၃၅ဦး အီရတ်၌ သေဆုံး

ဘဂ္ဂဒက် မေ ၂၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ မေ ၂၂ရက်က တိုက်ခိုက်ရေးသမားများ၏ ပစ်ခတ်တိုက်ခိုက်ခံရသဖြင့် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီး အခြားငါးဦး ဒဏ်ရာရရှိသွားကြောင်း၊ သို့သော်လည်း ယင်းဒဏ်ရာရသူများမှ ထပ်မံ၍ သုံးဦးသေဆုံးခဲ့သဖြင့် ခြောက်ဦးအထိ ရှိသွားပြီဖြစ်ကြောင်း အမေရိကန်စစ်ဘက်က မေ ၂၃ရက်တွင် ပြောကြားသည်။

မေ ၂၄ ရက်အထိ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၃၃၃၅ဦး ရှိသွားပြီဖြစ်ကြောင်း ပင်တဂွန်ကြေညာချက်၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဟောင်ကောင်ဆက်သွယ်ရေးလုပ်ငန်း အင်ဒိုနီးရှား၌ရင်းနှီးမြှုပ်နှံ

ဂျကာတာ မေ ၂၅

ဟောင်ကောင်အခြေစိုက် ဆက်သွယ်ရေး လုပ်ငန်းတစ်ခုဖြစ်သော ဟုချီဆန်က အင်ဒိုနီးရှားနိုင်ငံ ဆယ်လ်လူလာဖုန်းကွန်ရက်လုပ်ငန်းတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ တိုးချဲ့ရင်းနှီးမြှုပ်နှံသွားရန် စီစဉ်နေကြောင်း အင်ဒိုနီးရှားနိုင်ငံ သတင်းစာတစ်စောင်၌ ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းပေါ်ရှိ မြို့ပေါင်း ၆၀ တွင် ဆယ်လ်လူလာ ဝန်ဆောင်မှုလုပ်ငန်းနှင့် ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဟုချီဆန်က ထိုင်းနိုင်ငံမှ ချာရွန်ပေါ့ခ်ဖန် လုပ်ငန်းနှင့်အတူ အမေရိကန်ဒေါ်လာသန်း ၄၅၀ ရင်းနှီးမြှုပ်နှံထားသည်ဟု အင်ဒိုနီးရှား သတင်းစာက ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ယာဉ်မတော်တဆမှုကြောင့် ချုံကျင်း၌ ၂၄ဦး သေဆုံး

ချောင်ကျင်း မေ ၂၅

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချုံကျင်းမြို့၌ မေ ၂၃ရက်က ဘတ်စ်ကားတစ်စီး ယာဉ်မတော်တဆမှုကြောင့် လူ ၂၄ဦး သေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိသွားကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ယင်းဘတ်စ်ကားသည် ဟူဘိုင်းခရိုင်မှ ဘိဘိုင်းခရိုင်သို့အသွား မီတာ ၂၀ နက်သော ချောက်ထဲသို့ ထိုးကျသွားခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်၌သေဆုံးသော ဗြိတိသျှတပ်ဖွဲ့ဝင် ၁၄၅ဦး ရှိသွားပြီဟုဆို

လန်ဒန် မေ ၂၅

အီရတ်နိုင်ငံ၌ ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးသည် သံချပ်ကာယာဉ်ဖြင့် တာဝန်ထမ်းဆောင်နေစဉ် မေ ၂၃ရက်က လက်နက်ငယ်များဖြင့် ပစ်ခတ်ခံရ၍ သေဆုံးသွားကြောင်း ဗြိတိသျှကာကွယ်ရေး ဝန်ကြီးဌာနက ပြောကြားသည်။

ယင်းတပ်ဖွဲ့ဝင်သည် အီရတ်နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့တော် ဘာဆာရာ၌ ကင်းလှည့်စဉ် တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း ယင်းမှာ ယခုလအတွင်း တိုက်ခိုက်မှုများကြောင့် သေဆုံးသည့် ၁၁ဦးမြောက် ဗြိတိသျှတပ်ဖွဲ့ဝင်ဖြစ်ကြောင်း၊ ယခုအခါ ၂၀၀၃ခုနှစ်က အီရတ်ကို ကျူးကျော်ပြီးနောက် အီရတ်၌ သေဆုံးသော ဗြိတိသျှ တပ်ဖွဲ့ဝင် ၁၄၅ဦး ရှိသွားပြီဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

ကနေဒါနိုင်ငံ နယူးဖောင်လန်ပြည်နယ် ကမ်းလွန်တွင် ရေများအေးခဲနေသဖြင့် ငါးဖမ်းသင်္ဘောများ ပိတ်မိနေသည်ကို မေ ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လိပ်အပြေးပြိုင်ပွဲ

တရုတ်နိုင်ငံ ဟူဘေး ပြည်နယ် ဝူဟန်မြို့တွင် ကျင်းပသော လိပ်အပြေးပြိုင်ပွဲကို မေ ၂၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စွမ်းအင်သယံဇာတနှင့် သတင်းပြန်ကြားရေးကဏ္ဍ တောင်ကိုရီးယားနှင့် အဇာဘိုင်ဂျန်တို့ ပူးပေါင်းဆောင်ရွက်မည်

ဆိုးလ် မေ ၂၅

တောင်ကိုရီးယားနှင့် အဇာဘိုင်ဂျန်နိုင်ငံတို့သည် စွမ်းအင်သဘာဝ သယံဇာတ အရင်းအမြစ်များကဏ္ဍ ဆောက်လုပ်ရေးနှင့် သတင်းပြန်ကြားရေး နည်းပညာကဏ္ဍများတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားကြရေးအတွက် တောင်ကိုရီးယားသမ္မတ နိုမူဟွန်းနှင့် အလည်အပတ်ရောက်ရှိနေသော အဇာဘိုင်ဂျန်သမ္မတ အီဟမ် အလီယက်ဗ်တို့ မေ ၂၃ရက်က တွေ့ဆုံဆွေးနွေးစဉ် သဘောတူညီခဲ့ကြသည်။

နှစ်နိုင်ငံတို့အနေဖြင့် စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ နယ်ပယ်များတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် အချက် ၁၀ ချက်ပါ ပူးတွဲစာချွန်လွှာ တစ်ရပ်ကို သမ္မတနှစ်ဦးတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့အပြင် အဇာဘိုင်ဂျန်နိုင်ငံ၏ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်ဖြစ်ရေးကိုလည်း တောင်ကိုရီးယားက ထောက်ခံမည်ဖြစ်ပြီး နှစ်နိုင်ငံအကြား အခွန်နှစ်ထပ်ဖြစ်မှုများ ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ ကတိကဝတ်များအပေါ် လက်မှတ်ရေးထိုးခြင်းများလည်း ဆောင်ရွက်ခဲ့ကြသည်။

ပထမဆုံးလာရောက်ခြင်း

တောင်ကိုရီးယားနှင့် အဇာဘိုင်ဂျန်နိုင်ငံတို့ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ကြသည့် ၁၉၉၂ ခုနှစ်မှစတင်ကာ တောင်ကိုရီးယားနိုင်ငံသို့ အဇာဘိုင်ဂျန်သမ္မတ အလီယက်ဗ်အနေဖြင့် ပထမဆုံး လာရောက်ခြင်းပင် ဖြစ်သည်။

အလည်အပတ်သွားရောက်ခဲ့

တောင်ကိုရီးယားသမ္မတ နိုမူဟွန်းက ပြီးခဲ့သည့် ၂၀၀၆ခုနှစ်က အဇာဘိုင်ဂျန်နိုင်ငံသို့ အလည်အပတ် သွားရောက်ခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဘင်္ဂလားဒေ့ရှ် ကြက်ခြံပိုင်ရှင်များ ကြက်ငှက်တုပ်ကွေးရောဂါကြောင့် ဆုံးရှုံးမှုများပြား

ဒါကာ မေ ၂၅

ဘင်္ဂလားဒေ့ရှ်နိုင်ငံအဝန်းရှိ ကြက်၊ငှက်မွေးမြူရေးတွင် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် နိုင်ငံအတွင်းတွင် ကြက်ငှက်တုပ်ကွေးရောဂါများ ဖြစ်ပွားပြီးနောက် ၎င်းတို့၏ စီးပွားရေးကို စိုးရိမ်လျက်ရှိကြောင်း ယူအင်န်ဘီသတင်းဌာနက မေ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ကြက်ငှက်တုပ်ကွေး ရောဂါကြောင့် ကြက်၊ ဘဲများအား ကုန်ထုတ်လုပ်မှုတွင် ကုန်ကျသော ဈေးနှုန်းထက် လျှော့ရောင်းရလျက် ကြက်ခြံပိုင်ရှင်များအနေဖြင့် စီးပွားရေးတွင် ဆုံးရှုံးမှုများပြားခဲ့သည်။

ကြုံတွေ့

ကြက်ငှက်တုပ်ကွေး ရောဂါများ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ဖြစ်ပွားပြီးနောက် ကြက်၊ ငှက် မွေးမြူရေးခြံများအနေဖြင့် အကျပ်အတည်းများစွာကို ကြုံတွေ့ခဲ့ရကြောင်း၊ ကြက်သားဈေးနှင့် ကြက်ဥ ဈေးနှုန်းများမှာလည်း ပြီးခဲ့သည့် မတ်လမှစတင်ကာ ထိုးကျသွားခဲ့သဖြင့် ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့ကြရကြောင်း ကြက်ခြံပိုင်ရှင်များနှင့် စီးပွားရေး လုပ်ငန်းရှင်များက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ကားဗုံး ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် စစ်ဆေးမှုများ ပြုလုပ်နေသည်ကို မေ ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ထိုင်းနိုင်ငံ ဗန်ကောက်မြို့အရှေ့ပိုင်းရှိ ကားထုတ်လုပ်ရေး လုပ်ငန်းခွင်တစ်နေရာကို မေ ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တောင်ကိုရီးယား နိုင်ငံ ဆိုးလ်မြို့ရှိ အရောင်းပြခန်း တစ်ခု၌ ပြသထားသည့် ဒီဇိုင်းသစ် ဒီဂျစ်တယ်ကင်မရာအား ဧပြီ ၂၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဗီယက်နမ် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု ၂၀၁၅ ခုနှစ်တွင် နှစ်ဆတိုးမြှင့်မည်

ဟန္နိုင်း ဧပြီ ၂၅

ဗီယက်နမ်နိုင်ငံသည် ၂၀၀၅ ခုနှစ်တွင် ရော်ဘာစိုက်ဧကေ ဟက်တာ ၅၀၀၀၀၀ စိုက်ပျိုးခဲ့ရာ ၂၀၁၅ ခုနှစ်တွင် ရော်ဘာပင်ပေါင်း ဟက်တာတစ်သန်း စိုက်ပျိုးနိုင်ရန် မျှော်မှန်းထားကြောင်း ဧပြီ ၂၂ ရက်က ပြည်တွင်း မီဒီယာများက ဖော်ပြသည်။

ယခုနှစ်ကုန်ပိုင်းတွင် ကမ္ဘောဒီးယား၌ ရော်ဘာစိုက်ဧကေ ဟက်တာ တစ်သိန်းနှင့် အလားတူ လာအိုနိုင်ငံတွင် ရော်ဘာစိုက်ဧကေ ဟက်တာ တစ်သန်း ပူးပေါင်းစိုက်ပျိုးသွားရေး ဗီယက်နမ်ဝန်ကြီးချုပ် နုရင်တန်ဒေါင်၏ ပြောကြားချက်ကို ဗီယက်နမ် နယူးစ်သတင်းစာ၌ ဖော်ပြသည်။

ဆောင်ရွက်

ယခင်က ပြည်တွင်း ရော်ဘာစိုက်ပျိုးမှု ပမာဏဟက်တာ ၅၀၀၀ ရှိပြီး ၂၀၀၇ ခုနှစ်တွင် ရော်ဘာစိုက်ပျိုးမှုမှ အမေရိကန်ဒေါ်လာ သန်း ၇၅၀ ရရှိရန် ဆောင်ရွက်လျက်ရှိသည်။

တင်ပို့

ဗီယက်နမ်သည် ယခုနှစ်ပထမ သုံးလအတွင်း ပြည်ပရော်ဘာတင်ပို့မှု တန်ချိန် ၁၄၈၀၀၀ အမေရိကန် ဒေါ်လာသန်း ၂၅၀ ရရှိခဲ့ပြီး ကမ္ဘာပေါ်တွင် ပြည်ပရော်ဘာတင်ပို့မှု စတုတ္ထ နေရာတွင်ရှိသည်။

ပြည်ပနိုင်ငံများသို့ စုစုပေါင်း ရော်ဘာတင်ပို့မှုတန်ချိန် ၆၉၇၀၀၀ ရှိပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံရှိရာ တရုတ်၊ အမေရိကန်နှင့် ဥရောပနိုင်ငံများသို့ တင်ပို့လျက် ရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အီရတ် မြောက်ပိုင်းတွင် တပ်ဖွဲ့ဝင် ၁၃၀ အစာအဆိပ်သင့်

မိုဆူးလ်(အီရတ်) ဧပြီ ၂၅

အီရတ်နိုင်ငံမြောက်ပိုင်း စစ်အခြေစိုက်စခန်းတစ်ခုတွင် ဧပြီ ၂၂ ရက်က အီရတ်တပ်ဖွဲ့ဝင် ၁၃၀ အစာအဆိပ်သင့်ခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က သတင်း ထုတ်ပြန်ခဲ့သည်။

ပြောကြား

မိုဆူးလ်မြို့ တောင်ဘက် ကီလိုမီတာ ၃၀အကွာရှိ ဟာမမ်အယ်လ် အလိုင် လေ့ကျင့်ရေးဗဟိုဌာနတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယင်းနေ့က နံနက်စာများကို စားသောက်ပြီးနောက် အစာအဆိပ်သင့်ခဲ့ကြကြောင်း နိုင်းဘက်ချ်ပြည်နယ်ရှိ အမည်မဖော်လိုသော ရဲသတင်းရပ်ကွက်တစ်ခုက ဆင်ဟွာသို့ ပြောကြားသည်။

စုံစမ်းစစ်ဆေး

မိုဆူးလ်မြို့ရှိ ဆေးရုံများတွင် တပ်ဖွဲ့ဝင် ၇၀ကျော်ကို ဆေးဝါးကုသ ပေးခဲ့ရကြောင်း၊ လူနာတင်ယာဉ်များကလည်း တပ်ဖွဲ့ဝင်များကို အဆက်မပြတ် သယ်ဆောင်ပေးခဲ့ရကြောင်း ယင်းသတင်းရပ်ကွက်က ပြောကြားသည်။ ယင်းဖြစ်ရပ်နှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အင်ဒိုနီးရှား၌ မြေလျှင် သုံးခုလှုပ်

ဂျကာတာ ဧပြီ ၂၅

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းတွင် ဧပြီ ၂၃ ရက်က ငလျင်သုံးခုလှုပ်သွားကြောင်း၊ အဆိုပါ ငလျင်လှုပ်မှုများကြောင့် ပျက်စီးဆုံးရှုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ သတင်းမရရှိသေးကြောင်း အင်ဒိုနီးရှားနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒဌာနက သတင်းထုတ်ပြန်သည်။

မြေလျှင်လှုပ်

ပထမငလျင်တစ်ခုမှာ အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း ပါပူရာပြည်နယ် နာဘိုင်ရီမြို့ အနောက်မြောက်ဘက် ၉၃ ကီလိုမီတာခန့်တွင် ရစ်ချ်တာစကေး ၅ ဒသမ ၃ ရှိ မြေလျှင်တစ်ခု လှုပ်သွားခဲ့သည်။

လှုပ်သွား

နောက်ထပ် မြေလျှင်တစ်ခုမှာ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၈ ရှိပြီး အင်ဒိုနီးရှားနိုင်ငံ အနောက် ကာလီမန်တန် ပြည်နယ် ကီတာပန်မြို့ အနောက်တောင်ဘက် ၂၁၂ ကီလိုမီတာ၌ လှုပ်သွားခြင်း ဖြစ်သည်။

အဆိုပါ မြေလျှင် လှုပ်ပြီး ငါးမိနစ်အကြာ ရစ်ချ်တာစကေး ၅ ဒသမ ၂ရှိ မြေလျှင်တစ်ခု ဆမ်လာကီမြို့ အနောက်မြောက်ပိုင်း ၁၉၈ ကီလိုမီတာအကွာ၌ လှုပ်သွားခြင်း ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

လူအရေအတွက် အများဆုံး ရေလွှာလျှောစီးမှု

ကမ္ဘာပေါ်တွင် လူအရေအတွက် အများဆုံးရေလွှာလျှောစီး နေကြသူများကို တွေ့ရစဉ်။ (ယာပုံ)

အင်္ဂလန်နိုင်ငံ အနောက်တောင်ပိုင်း စိန့်အိဗက်စ်မြို့ ကမ်းခြေတွင် အရှည်ပေ ၃၀ရှိသော ရေလွှာလျှောစီး ဘုတ်ပြားပေါ်၌ လူ၁၄ ဦးတို့က တက်ရောက်စီးနင်းခဲ့သည်။ ကမ္ဘာပေါ်တွင် လူအရေအတွက် အများဆုံးရေလွှာ လျှောစီးသူများဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ကမ္ဘာ့ အသေးငယ်ဆုံး ဓာတ်ပြားစက်

ကမ္ဘာ့အသေးငယ်ဆုံး ဓာတ်ပြားဖွင့်စက်လေး တစ်ခုကို တွေ့ရစဉ်။ (ဝဲပုံ)

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် အီလက်ထရွန်နစ် ထုတ်ကုန်ပစ္စည်းများပြပွဲ၌ အလျား ၂ ဒသမ ၆ လက်မ၊ အနံ ၂ ဒသမ ၅ လက်မရှိသော ဓာတ်ပြားဖွင့်စက်လေးတစ်ခုကို ပြသခဲ့ရာ ၎င်းဓာတ်ပြားစက်လေးသည် ကမ္ဘာပေါ်တွင် အသေးငယ်ဆုံးဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

နျူကလီးယားစွမ်းအင် စက်ရုံတည်ဆောက်ရေး ရုရှားနှင့် အီရန်တို့ ဆက်လက်ဆွေးနွေး

မော်စကို ဧပြီ ၂၅

အီရန်နိုင်ငံ၏ပထမဆုံးနျူကလီးယားစွမ်းအင် စက်ရုံတည်ဆောက်ရေးလုပ်ငန်းနှင့် ပတ်သက်သော အငြင်းပွားမှုများကြောင့် အပြီးသတ်တည်ဆောက်မှု နှောင့်နှေးနေခြင်းကိစ္စများကို ဖယ်ရှားရန် သဘောတူညီချက် တစ်ရပ်ကို ရုရှားနှင့် အီရန်တို့ ဧပြီ ၂၂ ရက်က လက်မှတ်ရေးထိုးလိုက်ကြသည်။

သတင်းထုတ်ပြန်

အီရန်၏ ဘူရှာနျူကလီးယား စွမ်းအင်စက်ရုံ ဆက်လက်တည်ဆောက်ရေးအတွက် ရုရှားနိုင်ငံမှ ကိုယ်စားလှယ်များနှင့် အီရန်နိုင်ငံကိုယ်စားလှယ်များက မော်စကိုမြို့တွင် သဘောတူလက်မှတ်ရေးထိုးကြခြင်းဖြစ်ကြောင်း အင်တာဖက် သတင်းဌာနမှ သတင်းထုတ်ပြန်သည်။

သဘောတူညီ

အီရန်နိုင်ငံ အနောက်တောင်ပိုင်းတွင်ရှိသော ဘူရှာနျူကလီးယားစွမ်းအင် စက်ရုံတည်ဆောက်ရေးအတွက် ရုရှားတို့အား အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ပေးရန် အီရန်နှင့်ရုရှားတို့ ၁၉၉၅ ခုနှစ်က သဘောတူညီခဲ့ကြသည်။

သို့ရာတွင် အီရန်တို့က တည်ဆောက်မှုအတွက် ငွေကြေးပေးမှု နှောင့်နှေးကြန့်ကြာနေခြင်းကြောင့် ဘူရှာနျူကလီးယားစွမ်းအင်စက်ရုံတည်ဆောက်ရေး နှေးကွေးနေရခြင်းဖြစ်သည်။ ယခုအခါ အဆိုပါပြဿနာများ နှစ်လအတွင်း ဖြေရှင်းနိုင်ရေးအတွက် သဘောတူညီခဲ့ကြသည်။

ဘူရှာနျူကလီးယား စွမ်းအင်စက်ရုံ ဆက်လက်တည်ဆောက်ရေးအတွက် လာမည့် မေလတွင် တီဟီရန်မြို့၌ ဆက်လက် ဆွေးနွေးကြမည်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

26-4 (11) 1 4/25/07, 12:53 PM

တိုက်စစ်မှူး ဒရော့ဘာနှင့် တွေ့ဆုံရာဝယ်

ကမ္ဘာတစ်လွှား အားကစား

တိုက်စစ်မှူး ဒရော့ဘာနှင့် နည်းပြ မော်ရင်ဟိုတို့အား လေ့ကျင့်ရေးကွင်းတွင် ဤသို့တွေ့ရသည်။
(ဓာတ်ပုံ–အင်တာနက်)

ကိုးကားတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် မေ ၂၅

ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာသည် ယခုနှစ်ပရီမီယာလိဂ်တွင် ဂိုးအများဆုံးသွင်းယူထားသည့် တိုက်စစ်မှူးဖြစ်သည်။

အိုင်ဗရီကို့စ်တိုက်စစ်မှူး ဒရော့ဘာသည် ချယ်လ်ဆီးအသင်းအား အောင်မြင်ရေးလမ်းကြောင်းပေါ်သို့ တွန်းပို့နိုင်ခဲ့ခြင်းကြောင့် တောင်အာဖရိက အကောင်းဆုံးဘောလုံးသမားဆု ဆွတ်ခူးနိုင်ခဲ့သည့်အပြင် ဗီအက်ဖ်အေ အကောင်းဆုံးဘောလုံးသမား ပဏာမစာရင်းတွင်လည်း ရွေးချယ်ခံခဲ့ရသည်။

ဒရော့ဘာ၏ အနာဂတ်နှင့်ပတ်သက်၍ အီးအက်စ်ပီအန်ဆော်ကာနက်က တွေ့ဆုံမေးမြန်းခဲ့မှုကို ကောက်နုတ်တင်ပြလိုက်ပါသည်။

မေး– ယခုနှစ်ရာသီမှာ ပွဲအများကြီး ကစားခဲ့တာတွေ့ရပါတယ်။ ဘယ်လိုသင်ခန်းစာတွေရခဲ့ပါသလဲ။

ဖြေ– ပွဲအများကြီးကစားခဲ့သလို သင်ခန်းစာလည်း အများကြီးရပါတယ်။ အထူးသဖြင့် ဗလင်စီယာနဲ့ပွဲမှာ ကျွန်တော်တို့ အကြိတ်အနယ် ကြိုးစားခဲ့ရပါတယ်။

မေး– မိုက်ကယ်အက်ဆီယန်ဟာ စပိန်မှာ အောင်မြင်ခဲ့တဲ့ လူတစ်ယောက်ပါ။ ယခု ချယ်လ်ဆီးမှာကော ဘယ်လိုအရေးပါနေတဲ့ လူပါလဲ။

ဖြေ– သူက ဘောလုံးဖြန့်ဝေပေးရာမှာ တော်တဲ့ ကွင်းလယ်ဖန်တီးရှင်ပါ။ ဒါပေမယ့် သူဒဏ်ရာရထားပါတယ်။

မေး– ယခု ချယ်လ်ဆီးအသင်း အဓိကပွဲကြီးသုံးပွဲ ကျန်သေးတယ်။ အနိုင်ရမယ်လို့ ထင်ပါသလား။ အကြိုက်ဆုံးဘောလုံးသမား တစ်ယောက်ကို ပြောပြပေးပါ။

ဖြေ– ကျွန်တော်ကြိုက်တဲ့ ဘောလုံးသမား တစ်ယောက်တော့ရှိပါတယ်။ ဒါပေမယ့် ကျွန်တော်မပြောချင်ပါဘူး။ ကျွန်တော်တို့ ပြိုင်ပွဲအားလုံးအနိုင်ရလိုပါတယ်။ ကျွန်တော်တို့ ကားလင်းဖလားရပြီးပါပြီ၊ ဒါပေမယ့် အက်ဖ်အေဖလားနှင့် ချန်ပီယံလိဂ်ဖလား ရရှိရေးအတွက်လဲ ကြိုးစားသွားမှာပါ။

မေး– မေလထဲမှာ မန်ယူနဲ့ကစားမယ့်ပွဲ သုံးပွဲရှိတယ်။ အဲဒါနိုင်မယ်လို့ ထင်ပါသလား။

ဖြေ– အဲဒါတော့ ကျွန်တော်မသိပါဘူး။ ကျွန်တော်တို့အသင်းမှာ ဘာပြဿနာမှမရှိပါဘူး။ ဒါပေမယ့် ပရီမီယာလိဂ်ဖလား အမီလိုက်ဖို့ကတော့ အလွန်ခက်ခဲပါတယ်။ သူတို့ဟာ ပို၍ပို၍ကောင်းလာတယ်လို့ ထင်ပါတယ်။

မေး– မန်ယူကို လိုက်မီမယ်လို့ ထင်ပါသလား။

ဖြေ– ကျွန်တော်တို့ မျှော်လင့်ချက်တော့ ရှိပါတယ်။ ဒါပေမယ့် ဘောလုံးဆိုတာ ဘာဖြစ်မယ်ဆိုတာ မပြောနိုင်ပါဘူး။

မေး– လီဗာပူးနဲ့ကစားမယ့် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲမှာ ဘယ်လိုမျှော်လင့်ထားပါသလဲ။

ဖြေ– လီဗာပူးအသင်းဟာ အမြဲတမ်း အဝေးကွင်းမှာ ခက်ခဲစွာကစားရတတ်ပါတယ်။ ဂိုးသွင်းနိုင်ခြေလဲ နည်းပါးပါတယ်။ ဒီပွဲက တကယ့် ပွဲကြီးပွဲကောင်းဖြစ်လာမှာပါ။

မေး– ဒီရာသီမှာ သင့်အနေဖြင့် ပျော်ပျော်ရွှင်ရွှင်နဲ့ ကစားနေတာတွေ့ရတယ်။ ဒီထက်ပိုပြီး ကောင်းအောင်ကစားပြဖို့ မျှော်လင့်ထားပါသလား။ အင်္ဂလန်မှာ အမြဲတမ်းကစားသွားဖို့ ရှိပါသလား။

ဖြေ– ဟုတ်ပါတယ်။ ကျွန်တော် ဒီထက်ပိုကောင်းအောင် ကစားနိုင်ဖို့ ကြိုးစားနေပါတယ်။ အင်္ဂလန်မှာကစားရတာ ပိုကောင်းလာတယ်လို့ ထင်ပါတယ်။

မေး– လောလောဆယ်မှာ ကမ္ဘာမှာအကောင်းဆုံးတိုက်စစ်မှူးလို့ ခံစားမိပါသလား။

ဖြေ– ဒါကိုတော့ ကျွန်တော် မပြောတတ်ပါဘူး။ ကျွန်တော်ကစားတဲ့ပွဲကို ကျွန်တော် မကြည့်ဖြစ်တော့ ကမ္ဘာမှာ အကောင်းဆုံးတိုက်စစ်မှူးလို့ မပြောနိုင်ပါဘူး။ ကျွန်တော်ရဲ့ယုံကြည်ချက်ဟာ ကမ္ဘာမှာ အကောင်းဆုံးတိုက်စစ်မှူးဟာ ကျွန်တော်လို့ပြောဖို့ မဟုတ်ပါဘူး။ ကျွန်တော်ရဲ့ ယုံကြည်ချက်ကို ပြောရရင် ပွဲတိုင်းမှာ ကျွန်တော်ဂိုးသွင်းဖို့ပါပဲ။

မေး– အမေရိကန်နှင့် အမ်အယ်အက်စ် ဘောလုံးအကြောင်း သိပါသလား။

ဖြေ– ကျွန်တော်တို့ ဝါရှင်တန်ဒီစီနဲ့ ကစားခဲ့ပြီးပါပြီ၊ အလွန်ခက်ခဲပါတယ်။ အမ်အယ်အက်စ်ကစားသမားတွေဟာ လွယ်လွယ်နဲ့တော့ ကစားလို့မရပါဘူး။

မေး– ဘက်ခမ်း အယ်လ်အေဂလက်ဆီအသင်းနဲ့ စာချုပ်ခဲ့တာနဲ့ ပတ်သက်ပြီး ဘယ်လို သဘောရပါသလဲ။

ဖြေ– သူ့ရဲ့ဆုံးဖြတ်ချက်ဟာ လေးစားစရာကောင်းပါတယ်။ နောက်တစ်ကြိမ်လဲ ရာသီအကြို ချစ်ကြည်ရေးပွဲမှာ ဆုံတွေ့ချင်ပါတယ်။ သူဟာ ဇီဒန်းနဲ့ ရီးရဲမှာကစားတုန်းက ကျွန်တော့်အတွက်တော့ အကောင်းဆုံး ဘောလုံးသမားလို့ ထင်ခဲ့ပါတယ်။ **(ကိုးကား–အင်တာနက်)**

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ပထမအကျော့ မန်ယူတို့ အိမ်ကွင်း၌ အေစီမီလန်ကိုအနိုင်ရရှိ

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် မေ ၂၅

ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပထမအကျော့ ပွဲစဉ်အဖြစ် မန်ချက်စတာယူနိုက်တက်အသင်းနှင့် အေစီမီလန်အသင်းတို့ ဧပြီ ၂၄ရက်က မန်ယူအသင်း၏ အိုးထရက်ဖို့ဒ်ကွင်း၌ ယှဉ်ပြိုင်ကစားရာ မန်ယူက သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဂိုးသွင်း

အေစီမီလန်ဘက်သို့ မန်ယူတိုက် စစ် မှူး ရွှန်နေ ဤသို့ ထိုး ဖောက် ဂိုး သွင်း ယူ ခဲ့ သည်။
(ဓာတ်ပုံ–အင်တာနက်)

ပွဲထွက်လာ

မန်ယူအသင်းသည် တိုက်စစ်မှူး ရွှန်နေကို တစ်ဦးတည်းရှေ့၌ ထားရှိကာ ကွင်းလယ်၌ ပေါလ်စခိုးလ်၊ စီရိုနယ်ဒို၊ ရိုင်ယန်ဂစ်၊ ဖလက်ချာနှင့် မိုက်ကယ်ကာရစ်တို့ကို အပြည့် ခင်းကျင်းထားပြီး နောက်တန်း၌ ဝက်စ်ဘရောင်း၊ အီဗာရာ၊ ဟိန့်ဇ်နှင့်အိုရှီးယားတို့ကို အထိုင်ချကစားစေခဲ့သည်။ ဖာဂူဆန်သည် ယခုပွဲ၌ ၄–၅–၁ အခင်းအကျင်းဖြင့် ပွဲထွက်လာခဲ့ခြင်းဖြစ်သည်။

တာဝန်ယူ

အေစီမီလန်အသင်းသည် ၃–၆–၁ ပုံစံဖြင့် တိုက်စစ်တွင် ဂီလာဒီနို တစ်ဦးတည်းထားကာ ကွင်းလယ်၌ ဆီးဒေါ့ဖ်၊ ပီရာလို၊ ဂျန်ကူလော့စကီး၊ အမ်ဘရိုစီနီ၊ ဂတ်တူဆိုနှင့် ကာကာတို့ကို ထားရှိကစားခဲ့သည်။ အေစီမီလန်နောက်တန်းတွင် ဘော့ဒ်ဒိုး၊ နက်စတာနှင့် မာလ်ဒီနီတို့ သုံးဦးက အထိုင်ကစားခဲ့သလို ဂိုးသမားအဖြစ် ဒီဒါက တာဝန်ယူခဲ့သည်။

ပွဲစသည်နှင့် မန်ယူတို့ လျင်လျင်မြန်မြန် တိုက်စစ်ဆင်ကစားရာ ပွဲအစ ငါးမိနစ်မှာပင် မန်ယူကွင်းလယ် တိုက်စစ်မှူး စီရိုနယ်ဒိုက အဖွင့်ဂိုး စောစီးစွာ သွင်းယူပေးခဲ့သည်။ အဖွင့်ဂိုး စောစီးစွာရရှိခဲ့သဖြင့် မန်ယူတို့ ကစားအားတက်ခဲ့သော်လည်း အေစီမီလန်တို့က မန်ယူတိုက်စစ်ကို ဟန့်တားနိုင်ခဲ့သည်။

ပွဲချိန် ၂၂မိနစ်တွင် အေစီမီလန်မှ ကွင်းလယ်ကစားသမား ကာကာက ချေပဂိုး ပြန်သွင်းယူခဲ့သဖြင့် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်နေခဲ့သည်။

ချေပဂိုးရရှိခဲ့သဖြင့် အေစီမီလန်တို့က မန်ယူဘက်သို့ ပြန်လည်တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် ၃၇မိနစ်၌ အေစီမီလန် ကွင်းလယ်ကစားသမား ကာကာကပင် ဒုတိယဂိုးထပ်မံသွင်းယူလိုက်သဖြင့် ပထမပိုင်း၌ အေစီမီလန်က နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိနေခဲ့သည်။

ဝင်ရောက်ကစား

ပထမပိုင်း ပွဲပြီးခါနီးတွင် အေစီမီလန်မှ မာလ်ဒီနီအစား ဘွန်းရာ ဝင်ရောက်ကစားခဲ့သည်။ ပွဲချိန် ဒုတိယပိုင်း ၅၉ မိနစ်တွင် ဂတ်တူဆိုအစား ဘရိုချီ ဝင်ရောက်ကစားခဲ့သည်။

ပထမပိုင်း နှစ်ဂိုး–တစ်ဂိုးဖြစ်နေသော မန်ယူသည် ကစားအားပြန်တင်ပြီး ထိုးဖောက်ကစားရာ ပွဲချိန် ၅၉မိနစ်၌ ရွှန်နေက တစ်ဂိုးသွင်းယူလိုက်သဖြင့် မန်ယူတို့ နှစ်ဂိုးစီ သရေဖြစ်သွားခဲ့သည်။ ထို့နောက် ဒဏ်ရာရထိခိုက်လေလွင့်ချိန် ထပ်ပေးသည့်အချိန်၌ မန်ယူတိုက်စစ်မှူး ရွှန်နေက အနိုင်ဂိုး ထပ်မံသွင်းယူလိုက်သဖြင့် မန်ယူတို့ သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

သုံးဂိုးသွင်းယူ

ယခုပွဲတွင် မန်ယူတို့က ဂိုးသွင်းခွင့် ၂၂ကြိမ်ရရှိခဲ့ပြီး အပိုင်ကန်သွင်းခွင့် ၁၁ကြိမ်ရရှိခဲ့ရာမှ သုံးဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ အေစီမီလန်တို့က မန်ယူဘက်သို့ ၁၄ကြိမ်ဂိုးသွင်းခွင့်ရရှိခဲ့ပြီး အပိုင်ကန်သွင်းခွင့် လေးကြိမ်ရရှိခဲ့ရာမှ နှစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ။

(အင်တာနက်)

မန်ယူနှင့်အေစီမီလန်တို့၏နည်းပြများ ပြောစကား

"ဒီ ပွဲ ဟာ တကယ်ခက်ခဲတဲ့ပွဲ တစ်ပွဲပါပဲ" မန်ယူနည်းပြ ဖာဂူဆန်။
(ဓာတ်ပုံ– အင်တာနက်)

လန်ဒန် မေ ၂၅

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်အဖြစ် မန်ယူကွင်း အိုးထရက်ဖို့ဒ်၌ မန်ယူတို့က အေစီမီလန်အား သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် မန်ယူနည်းပြ ဖာဂူဆန်က ပြောကြားရာတွင် **"ဒီပွဲမှာ ကျွန်တော်တို့ အံ့သြစရာကောင်းအောင် နိုင်ပွဲရပြီး ချန်ပီယံလိဂ် ဗိုလ်လုပွဲရောက်ဖို့ အခွင့်အရေးရရှိခဲ့တာပဲ ဖြစ်ပါတယ်။ အဖွင့်ဂိုးကို စောစောစီးစီးသွင်းယူနိုင်ခဲ့ပေမယ့် တကယ်တန်း ကစားနိုင်ခဲ့တာက ဒုတိယပိုင်းပွဲချိန်မှာပါ"** ဟုပြောကြားသည်။

ထို့အပြင် ဖာဂူဆန်က **"ဒီပွဲဟာ တကယ်ခက်ခဲတဲ့ ပွဲတစ်ပွဲပါပဲ၊ အေစီမီလန်အသင်းဟာ အသင်းကောင်းတစ်သင်းပါ။ ဒါပေမယ့် နောက်ဆုံးပွဲချိန်အတွင်းမှာ ရွှန်နေရဲ့ ဂိုးသွင်းမှုကလဲ ရင်သပ်ရှုမောစရာပါပဲ"** ဟု ပြောကြားသွားသည်။

ထို့အတူ အေစီမီလန်အသင်း နည်းပြ အန်ဆယ်လော့တီကလည်း **"ကျွန်တော့်အသင်းက မန်ယူကို ထိန်းချုပ် ကစားနိုင်ခဲ့ပြီး ဦးဆောင်နိုင်ခဲ့ပေမယ့် ဒုတိယပိုင်းမှာ ကစားကွက် ယိုင်သွားတယ်။ မန်ယူအသင်းရဲ့ လူငယ်ကစားသမားတွေက တကယ့်ထူးချွန်သူတွေပါပဲ။ ပွဲရလဒ်ကို အချိန်တိုအတွင်းမှာ ပြောင်းလဲနိုင်ကြတယ်။ ကျွန်တော်တို့ကွင်းမှာ မန်ယူကို ဖိဖိစီးစီး ကစားရတော့မှာပါ"** ဟု ပြောကြားသွားသည်။

(အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

* **တောင်အာဖရိကနိုင်ငံသို့ ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ လာရောက်ယှဉ်ပြိုင်သော အသင်းများကို ဂျိုဟန်နက်စ္စဘတ်၊ ကိတ်တောင်း (သို့မဟုတ်) အခြားအိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် မြို့ကြီးများ၌ အခြေစိုက်စခန်းများ ထူထောင်ခွင့်ပြုမည်မဟုတ်ကြောင်း တောင်အာဖရိကမှ အားကစားတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။**

* ပါလာမိုအသင်းနည်းပြ ဂွစ်ဒိုးလင်းအား ၎င်းအသင်းက ထုတ်ပယ်လိုက်ပြီး လက်ထောက်နည်းပြ ရမ်ဇိုဂေါ့ဘိုအား နည်းပြခန့်အပ်လိုက်သည်။

* **အသက် ၂၂နှစ် အရွယ်ရှိ ဗြိတိသျှ အပြေးသမား တစ်ဦးသည် ဧပြီ ၂၃ ရက်က လန်ဒန်မာရသွန် ၂၀၀၇ ပြေးပွဲတွင် ခရီးမိုင်ပေါင်း ၂၆ မိုင်ကျော် ပြေးအပြီး အပူချိန်လွန်ကဲမှုကြောင့် လဲကျသေဆုံးသွားခဲ့သည်။**

* ပရီမီယာလိဂ်အသင်း မန်စီးတီးအသင်းကို ပေါင်သန်း ၉၀ဖြင့် ရောင်းချသွားရန် ဝယ်ယူမည့်သူများနှင့် ဆွေးနွေးနေဆဲဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။

* **ရက်ဒင်းအသင်းသို့ လိုက်ကိုမိုတစ် မော်စကိုမှ အငှားလာရောက်ကစားသော အသက် ၂၂နှစ်ရှိ ကင်မရွန်း နောက်တန်းကစားသမား ဘီကေးအား ရက်ဒင်းက ပေါင်တစ်သန်းဖြင့် ခေါ်ယူလိုက်သည်။**

* အဲဗာတန်တိုက်စစ်မှူး အင်ဒီဂျွန်ဆင်သည် စနေနေ့က ဝက်စ်ဟမ်းနှင့် ကစားစဉ် ဒဏ်ရာရရှိသွားခဲ့သည်။

(အင်တာနက်)

တတိယအကြိမ် ကြည့်မြင်တိုင်ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး နှစ်ဦးဓမ္မသဘင် အထူးတရားပွဲ

'သစ်ဆန်းကြားနာ၊ စင်ကြယ်စွာသား' ယုံမှားပယ်တတ်၊ ပြောင့်မတ်ယူမြင်၊ စိတ်ကြည်လင်ရိုး၊ ဤငါးမျိုးသည် တရားနာရ အကျိုးတည်း။ ။

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရားဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာကြားနာရသူတိုင်း အထက်ပါ အကျိုးတရား ငါးပါးတို့ဖြင့် ပြည့်စုံကြစေရန် စိတ်ရည်သန်၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် နှစ်ဦးဓမ္မသဘင် အထူးတရားပွဲကို တစ်ဖက်ပါအတိုင်း ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ သဒ္ဓါတရား ဦးထိပ်ထားလျက် တရားနာကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ ရှင်ကြည်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ဟောကြားမည့်ဆရာတော်ကြီးများ	ဟောကြားမည့်နေ့ရက်	အထူးတရားပွဲအစီအစဉ်
စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (D.Litt) Ph.D	၁၃၆၉ ခု ကဆုန်လဆန်း ၁၁ ရက် ကြာသပတေးနေ့ (၂၆–၄–၂၀၀၇)	**ကျင်းပမည့်နေ့ရက်** ၁၃၆၉ ခု၊ ကဆုန်လဆန်း ၁၁ ရက်နေ့မှ ၁၃ ရက်နေ့အထိ ၂၀၀၇ ခုနှစ် ဧပြီလ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ
သာသနဇ္ဇောတက ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇန ဟိတဓရ သဒ္ဓမ္မဇောတိကဓဇ သီတဂူကြယ်တစ်ပွင့် ဆရာတော် အရှင်ပညာနန္ဒ ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်၊ တံခွန်တိုင်၊ တမာတန်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။	၁၃၆၉ ခု ကဆုန်လဆန်း ၁၂ ရက် သောကြာနေ့ (၂၇–၄–၂၀၀၇)	**ကျင်းပမည့်နေရာ** မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီး၊ ကျောင်းကြီးတိုက်၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်။
(ကျောက်တစ်လုံးတောရ ဆရာတော်) ဝနဝါသီ အရှင်ဝါသေဋ္ဌာ ဘိဝံသ	၁၃၆၉ ခု ကဆုန်လဆန်း ၁၃ ရက် စနေနေ့ (၂၈–၄–၂၀၀၇)	**ကျင်းပမည့်အချိန်** ညစဉ် ၇း၀၀ နာရီ

နိုင်ငံတကာ အိုက်ကီဒိုနှီးနှောဖလှယ်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၅

Myanmar Aikikai(New Organization)မှ နည်းပြချုပ် ဦးမြစိန်၏ ဖိတ်ကြားချက်အရ ဧပြီ ၂၈ ရက်၊ ၂၉ ရက်တွင် နိုင်ငံတကာ အိုက်ကီဒို နှီးနှောဖလှယ်ပွဲကို အောင်ဆန်းအားကစားကွင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်ရာ မြန်မာ၊ ဂျပန်၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ လာအိုနိုင်ငံများမှ အိုက်ကီဒိုကစားသမားများနှင့် အထူးဖိတ်ကြားထားသော ဂျပန်ဆရာMr. M. FUKAKUSA SHIHAN 7th DAN တို့ တက်ရောက်ပြီး အဆင့်မြင့်အိုက်ကီဒိုနည်းစနစ်များကို ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းလေ့ကျင့်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

နှစ်ဖက်မိဘများနှင့် ဇနီး ဒေါက်တာ ဒေါ်ခင်တင့်(ကလေးအထူးကုဆရာဝန်ကြီး)တို့အား ရည်စူး၍ အမှတ် S.H (1) (b)) ယုဇနလမ်း အေးရိပ်မွန် ၅ ရပ်ကွက် လှိုင်မြို့နယ်နေ ဒေါက်တာ ဦးချစ်ညွန့်(ဆေးရုံအုပ်၊ ငြိမ်း၊ အရိုးရောဂါအထူးကုဆေးရုံကြီး)နှင့် အစ်မ ဒေါ်ခင်မြင့်တို့က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင်နှင့် ခြောက်ထပ်ဆေးရုံသစ်ကြီးအတွက် အလှူငွေ ကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးညွန့် လက်ခံစဉ်။ (က–ပ)

ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၅

အားကစားနှင့် ကာယပညာဦးစီးဌာန၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၇ ခုနှစ် (၁၂)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း ကရာတေးဒိုပြိုင်ပွဲကို မေ ၈ ရက်မှ ၁၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်သည်။

အမျိုးသမီး 'ခတ'ပြိုင်ပွဲအမျိုးအစားတွင် တစ်ဦးချင်း'ခတ'နှင့် အသင်းအလိုက် 'ခတ'ပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်ပြီး၊ 'ကုမိတဲ'ပြိုင်ပွဲအမျိုးအစားတွင် ၄၈ ကီလိုနှင့်အောက်၊ ၅၃ ကီလိုနှင့်အထက်၊ ၆၀ ကီလိုနှင့် အောက်၊ ၆၀ ကီလိုနှင့်အထက် အသင်းလိုက် 'ကုမိတဲ'ပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်သည်။

အမျိုးသား'ခတ'ပြိုင်ပွဲအမျိုးအစားတွင် တစ်ဦးချင်း'ခတ'နှင့် အသင်းလိုက် 'ခတ'တို့ ပါဝင်မည်ဖြစ်ပြီး၊ 'ကုမိတဲ' ပြိုင်ပွဲအမျိုးအစားတွင် ၅၅ ကီလိုနှင့်အောက်၊ ၆၀ ကီလိုနှင့်အောက်၊ ၆၅ ကီလိုနှင့်အောက်၊ ၇၀ ကီလိုနှင့် အောက်၊ ၇၅ ကီလိုအောက်၊ ၇၅ ကီလိုအထက်နှင့် အသင်းလိုက် 'ကုမိတဲ'ပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်သည်။

တာဝန်ယူ

(၁၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကရာတေးပြိုင်ပွဲတွင် သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းအလိုက် ဒိုင်လူကြီးများ လိုက်ပါဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကရာတေးဒိုဒိုင်သင်တန်း ၂/၂၀၀၇ ကို မေ ၃ ရက်မှ ၆ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း အထူးတန်းအောက်ထပ်ရှိ မြန်မာနိုင်ငံ ကရာတေးဒိုလေ့ကျင့်ရေးခန်းမ၌ ဖွင့်လှစ်မည်ဖြစ်ရာ ပြည်နယ်နှင့်တိုင်းများမှ ဒိုင်သင်တန်း တက်ရောက်ကြမည့်သူများသည် မေ ၂ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်သို့ ရောက်ရှိ သတင်းပို့ကြရမည်ဖြစ်ပြီး ဒိုင်သင်တန်းသို့တက်ရောက်ကြမည့် ဒိုင်များ၏ တည်းခိုစားသောက်ရေးကို မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်က တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက် ဟောင်ပိတ်သတင်း

ကမ္ဘာဂြိုဟ်ကဲ့သို့ ဂြိုဟ်ကြီး အာကာသဟင်းလင်းပြင်၌တွေ့ရှိ



ဆန်တီယာဂို(ချီလီ) ဧပြီ ၂၅

ကျွန်ုပ်တို့ နေအဖွဲ့အစည်း၏အပြင်ဘက် အာကာသဟင်းလင်းပြင်၌ လူသားများနေထိုင်ရာ ကမ္ဘာဂြိုဟ်ကဲ့သို့ ဂြိုဟ်ကြီးတစ်လုံးကို နက္ခတ်ဗေဒ သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ကြောင်း ဧပြီ ၂၅ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

တွေ့ရှိခဲ့

သိပ္ပံပညာရှင်များသည် ချီလီနိုင်ငံမှနေ၍ နက္ခတ်တာရာကြည့်မှန်ပြောင်း Eso 3.6 M ကို အသုံးပြု၍ လေ့လာရာမှ ယင်းဂြိုဟ်ကြီးကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သုံးသပ်

အဆိုပါဂြိုဟ်ကြီးကို သိပ္ပံပညာရှင်များက Super-Earth ဟု အမည် ပေးထားသည်။ ၎င်းဂြိုဟ်၏အပူချိန်မှာ ၀ နှင့် ၄၀ ဒီဂရီဆဲလ်စီးရပ် အကြားတွင်ရှိခြင်းကြောင့် ရေရှိနိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

ဖုံးလွှမ်းနေ

ယင်းဂြိုဟ်၏ အချင်းဝက်သည် ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာဂြိုဟ်၏ အချင်းဝက်ထက် တစ်ဆခွဲပိုကြီးသည်ဟု ဆိုသည်။ ထို့အပြင် ကမ္ဘာမြေကို သမုဒ္ဒရာများက ဖုံးလွှမ်းထားသကဲ့သို့ ယင်းဂြိုဟ်ကို ကျောက်စိုင် ကျောက်တောင်များက ဖုံးလွှမ်းနေသည်ဟု ဆိုထားသည်။

ချင်းပြည်နယ်၌ လေပြင်းတိုက်ခတ်

ရန်ကုန် ဧပြီ ၂၅

ချင်းပြည်နယ် ဖလမ်းခရိုင် ရိဒ်မြို့နယ်၌ ဧပြီ ၂၄ ရက် မွန်းလွဲပိုင်းတွင် လေပြင်းများ တိုက်ခတ်မှုကြောင့် အဆောက်အအုံအချို့ ပျက်စီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တစ်ချက်တည်းကျင်းဝင်ခဲ့

နေပြည်တော် ဧပြီ ၂၅

မြို့တော်ဂေါက်ကွင်းတွင် ဧပြီ ၁၅ ရက်က ဦးမျိုးအောင်သည် ကစားဖော်များဖြစ်သော ဦးကျော်စွာအောင်၊ ဦးဇော်ဇော်နောင်၊ ဦးမျိုးမျိုးတို့နှင့် ဂေါက်သီးရိုက်ကစားစဉ် အကွာအဝေး ကိုက် ၁၅၀ ရှိသော ကွင်းအမှတ်(၈)၌ Kasco No.3 ဂေါက်သီးအား Ping G5 သံတုတ် နံပါတ်(၆)ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ **(က–ပ)**

တပ်စခန်းကို အသေခံဗုံးခွဲတိုက်ခိုက်မှု အမေရိကန်တပ်ဖွဲ့ဝင်ကိုးဦး သေဆုံး

ဘဂ္ဂဒက် ဧပြီ ၂၅

ဘဂ္ဂဒက်မြို့မြောက်ဘက် စစ်စခန်းတစ်ခုကို အသေခံ ကားဗုံးဖောက်ခွဲမှုကြောင့် တနင်္လာနေ့က အမေရိကန်တပ်ဖွဲ့ဝင်ကိုးဦး သေဆုံးကြောင်း၊ ပြီးခဲ့သည့်နှစ်က အမေရိကန်တပ်ဖွဲ့ဝင်များအား သူပုန်တို့က တိုက်ခိုက်ရာတွင် တစ်ကြိမ်တည်းဖြင့် အသေအပျောက်အများစု ထိခိုက်မှုတစ်ခုဖြစ်ကြောင်း စစ်ဘက်က ကြေညာသည်။

ကြေညာချက်

အင်္ဂါနေ့စောစောပိုင်းက ထုတ်ပြန်မည့် စစ်ဘက်ကြေညာချက်တွင် ဒီယာလာပြည်နယ်တပ်စခန်း တိုက်ခိုက်မှုတွင် အခြားသော အမေရိကန်တပ်ဖွဲ့ဝင် ၂၀ နှင့် အီရတ်အရပ်သားတစ်ဦးတို့လည်း ဒဏ်ရာရသွားသည်ဟု ဖော်ပြထားသည်။

အဆိုပါ သေဆုံးသူ ကိုးဦးနှင့်ဆိုလျှင် အီရတ်၌ ယခုလအတွင်း သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၈၅ ဦးအထိ ရှိသွားပြီဖြစ်သည်။

သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းနင်းမိသဖြင့် ကျောက်ကြီးမြို့နယ်မှ အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဧပြီ ၂၅

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် ကော့ပြင်းကျေးရွာနေ ကိုခင်မောင်ထွန်းသည် ဖော်ဆိပ်ရွာသို့သွားရောက်စဉ် ဧပြီ ၂၃ ရက်တွင် မြောင်ဦးရွာအရှေ့ဘက် မုန်းချောင်းအနီးသို့အရောက် သောင်းကျန်းသူများထောင်ထားသည့် မိုင်းနင်းမိသဖြင့် ယာခြေကျင်းဝတ်ပြတ် ဒဏ်ရာရရှိခဲ့၍ မုန်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပြီး ကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ သံဝေဇနိယ အဝိဇဟိတဗုဒ္ဓဝင်ဌာနများရှိ မြန်မာပိုင်ကျောင်းများသို့ မဟာသဒ္ဓမ္မဇောတိကဓဇ ကမ္ဘာလှည့် ဒေါ်တင်တင်စိန်က (မိုင်တိုင်များရဲ့ ဒိုင်ယာရီ)ခရီးသွားမှတ်တမ်း နှစ် (၅၀) ပြည့် ရွှေရတုခရီးကြမ်း ဗွီစီဒီချပ်များကို ရွှေရတုအထိမ်းအမှတ်အဖြစ် လှူဒါန်းရာ မဇ္ဈိမဒေသ ကျောင်းများကိုယ်စား အကျိုးတော်ဆောင်ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မြိုင်ဆရာတော် တရားပွဲ

ရန်ကုန် မေ ၂၅

ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ (ဓမ္မကထိက ဗဟုဇနဟိတဓရ)၏ တပည့် မြိုင်ဆရာတော် အရှင်ပညာဇောတ (ဓမ္မာစရိယ၊ နယ်လှည့်ဓမ္မကထိက) အရှင်သူမြတ်သည် မေ ၂၇ရက်တွင် ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၅) ရပ်ကွက် ကြံခင်းကျောင်းတိုက် ဓမ္မသဘင်၊ ၂၉ရက်တွင် မကွေးတိုင်း ပခန်းကြီးမြို့ ဓမ္မသဘင်နှင့် မေ ၄ရက်၊ ၅ရက်တွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ ဓမ္မသဘင် တို့၌ ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည် ဖြစ်သည်။

တရားပွဲ ပင့်လျှောက်လိုသူများ ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ အမှတ်(၅)ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန်တိုင်း ဖုန်း–၅၃၀၀၆၈၊ ၅၀၁၈၄၆ လိုင်းခွဲ–၁၈၁တို့သို့ ဆက်သွယ် ပင့်လျှောက်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၁)ရပ်ကွက် အင်း စိန် လမ်း အောင်လှရိပ်သာ လမ်းသွယ် အမှတ် (၅၃–စီ)နေဒေါ်အမာ (၇၀)ပြည့် မွေးနေ့ အဖြစ် ဒဂုံမြို့နယ် အမှတ် ၁၆ စကား ဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်း တော်ကြီးအတွက် အလှူငွေကျပ်နှစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန)ဒုတိယဥက္ကဋ္ဌ ဆရာကြီးဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဂုဏဝိသိဋ္ဌပူဇာပွဲ ကျင်းပမည်

မော်လမြိုင်ကျွန်း မေ ၂၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းခြင်းခံရသော အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မော်လမြိုင်ကျွန်းမြို့ ပစ္ဆိမာရုံစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ စိန္တိတာလင်္ကာရအား ဂုဏဝိသိဋ္ဌပူဇာသဘင်ကို ၁၃၆၉ ခုနှစ် ကဆုန်လပြည့်ကျော် ၁၃ ရက် (မေ ၁၃ ရက်)တွင် ပစ္ဆိမာရုံစာသင်တိုက်၌ ဆင်ယင်ကျင်းပမည်ဖြစ်ရာ ပူဇာသဘင် ကျင်းပရေးကော်မတီက ရပ်ဝေးရပ်နီးမှ တပည့်ရဟန်းတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ အတူတကွ ပူဇော်ကြရန် ပင့်လျှောက်ဖိတ်ကြားထားသည်။

ယင်းပူဇော်ပွဲအတွက် ပါဝင်လှူဒါန်းလိုပါက ပစ္ဆိမာရုံစာသင်တိုက်မော်လမြိုင်ကျွန်းမြို့ ဖုန်း–၀၄၂–၅၀၃၃၂၊ ဦးမျိုးဆွေ ဖုန်း ၀၄၂–၅၀၃၃၇၊ ဦးတင်လှိုင် ဖုန်း ၀၄၂–၅၀၂၆၇ နှင့် ဒေါ်ရိမ် ဖုန်း၀၁–၂၁၀၂၆၂၊ ၂၀၃၂၂၅ တို့သို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၀၉၇)**

ထီးတော်တင်လှူပွဲနှင့် ဆွမ်းကြီးလောင်းလှူပွဲ ကျင်းပမည်

မော်လမြိုင် မေ ၁၂

မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းရပ် မြို့ဝမဟာသတိပဋ္ဌာန်ကျောင်းရှိ ဗောဓိပက္ခိယ စေတီတော်မြတ်ကြီးအား ဗောဓိပက္ခိယပင်မစေတီတော်မတည် အလှူရှင် ဦးတင်အောင်–ဒေါ်မြင့်မြင့်အေးမိသားစု(စက်နှင့်အပိုပစ္စည်းရောင်းဝယ်ရေး)၊ ပင်မစေတီရွှေထီးတော်မတည် အလှူရှင်ဦးလှဝ–ဒေါ်အုံးကြည်မိသားစု၊ လှည်းတန်းရပ်၊ မုခ်ဦးအလှူရှင် စိုးဝင်းလက်ဖက်ခြောက် မိသားစုနှင့် အရံစေတီတော် အလှူရှင် ဘုရားဒါယကာ၊ ဘုရားဒါယိကာမ မိသားစုများက မေ ၃၀ရက် (ကဆုန်လပြည့်နေ့) နံနက်၇နာရီခွဲတွင် ဗောဓိပက္ခိယစေတီတော်ကြီးကို ပန်းရထားဖြင့် ရွှေထီးတော်တင်လှူ၍ ဘုရားအနေကဇာတင်ကာ နံနက် ၉နာရီတွင် သံဃာတော်နှင့်သီလရှင် ၁၀၈ပါးတို့အား ဆွမ်းကြီးလောင်းလှူပြီး နံနက် ၉နာရီခွဲတွင် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ ရေစက်ချအမျှပေးဝေ၍ ၁၀နာရီခွဲတွင် သံဃာတော်နှင့် သီလရှင်များအား နေ့ဆွမ်းဆက်ကပ်မည်ဖြစ်ကြောင်း သတိပဋ္ဌာန်ကျောင်း ထီးတော်တင်ပွဲ ဖြစ်မြောက်ရေး သာသနာ့နုဂ္ဂဟအဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

အမြို့မြို့ အနယ်နယ် သတင်းများ

တောင်တွင်းကြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တောင်တွင်းကြီး–သီလရွာ–ပွင့်လှကြီး–ပေါက်ကုန်း–ဇီးတောလမ်း မြေသားလမ်းအပိုင်း(၁) ဖောက်လုပ်မှု လမ်းမြေသားတင်ခြင်းလုပ်ငန်းကို မတ်၂၆ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

တောင်ငူမြို့ ပြဟ္မစိုရ်လူမှုရေး ကူညီမှုအသင်း သင်းလုံးကျွတ်စည်းဝေး၊ အကျိုးဆောင်အဖွဲ့ သစ်ရွေးချယ်

တောင်ငူ မေ ၂၂

တောင်ငူမြို့ ဗြဟ္မစိုရ်လူမှုရေး ကူညီမှုအသင်း သင်းလုံးကျွတ် အစည်းအဝေးကို မေ ၂၀ရက် နံနက်ပိုင်းက တောင်ငူမြို့ ဟုတ်ဝမ်ခန်းမဆောင်၌ ကျင်းပရာ ဗြဟ္မစိုရ်လူမှုရေး ကူညီမှုအသင်းနာယက သတင်းထောက် ဦးကျော်လှ(သမာဓိ)နှင့် တောင်ငူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးတင်ဝင်းတို့က အမှာစကားပြောကြားကြသည်။

နှုတ်ခွန်းဆက်

ဆက်လက်၍ ရန်ကုန်မြို့ နာရေးကူညီမှုအသင်း ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးကျော်သူနှင့် ဒေါ်သန်းမြင့်အောင်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး ဗြဟ္မစိုရ်လူမှုရေး ကူညီမှုအသင်း ဥက္ကဋ္ဌ ဦးမြင့်ညို(အမေ့အိမ်)က သင်းလုံးကျွတ်အစည်းအဝေးနှင့် သက်ဆိုင်သည်များကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဗြဟ္မစိုရ်လူမှုရေး ကူညီမှုအသင်း အကျိုးဆောင်အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကြရာ ဥက္ကဋ္ဌအဖြစ် ဦးမြင့်ညို(အမေ့အိမ်)၊ အတွင်းရေးမှူး ဦးသိန်းလွင်(လမင်းဆန်ပွဲရုံ) ဘဏ္ဍာရေးမှူးဦးရဲမြင့်(ဘုရင့်နောင်ပွဲရုံ)၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးယဉ်ဌေး(မိဘမေတ္တာဆန်ပွဲရုံ)တို့ ပါဝင်သော အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်လိုက်ကြပြီး အကျိုးဆောင်အဖွဲ့သစ်မှ ကတိသစ္စာပြုကြကာ အသင်းဥက္ကဋ္ဌသစ် ဦးမြင့်ညို(အမေ့အိမ်)က နှုတ်ခွန်းဆက် စကားပြောကြားသည်။ **(၁၀၃)**

မြန်မာ့အသံနားဆင်စရာ

၁၃၆၉ ခုနှစ်
ကဆုန်လဆန်း ၁၂ ရက်
၂၇–၄–၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (စိုက်ပျိုးရေးရာပြန်ကြားလွှာ)
၁၁:၃၅ ထူးဆန်းထွေလာ သတင်းပဒေသာ
၁၂:၀၀ သုတအဖြာဖြာ တိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် ကျောက်ဖရုံပင်)
၁၂:၃၀ ဇာတ်လမ်းပမာ နားဆင်စရာ (အသည်းနှလုံး၏ လက်ခံဖြတ်ပိုင်း)

ညနေပိုင်း

၁၆:၁၀ ရာသီခါမီတေးပန်းချီ
(၁) နွေတစ်ည (သန်းထွန်းအောင်)
(၂) နွေပြီးရင်လည်းနွေ (အယ်လ်ဆိုင်းရာ)
(၃) အညာနွေပူနဲ့ ရန်ကုန်သူ (ရာသက်ခိုင်)
၁၇:၃၀ အဘိုးအဘွားအလေးထား (ဖြူးမြို့ဘိုးဘွားရိပ်သာ အကြောင်း ဆွေးနွေးခန်း)
၁၇:၅၀ နိုင်ငံတကာ စီးပွားရေး သတင်းပဒေသာ
၁၈:၂၅ ကျေးလက်ဇာတ်လမ်း (ပန်းတွေနဲ့ဝေ)
၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (သဘာဝကုထုံးမိတ်ဆက်–မောင်ဆုရှင်)
၁၉:၁၅ ကာလပေါ်တူရိယာအဖွဲ့ (နွဲ့နှောင်းထံတျာ–ကာလပေါ်အဖွဲ့)
၂၀:၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ပင်လယ်နဲ့အပြည့် (ညွန့်ညွန့်စိန်)
(၂) ရေကြည်မလေးစမ်း (စောင်း–သိန်းဖေ)
(၃) ဖူးရွှေလက်တင် (အေဝမ်းတင်တင်လှ)

စာကြည့်တိုက်အဆောက်အအုံများ တည်ဆောက်ရေးညှိနှိုင်းဆွေးနွေး

မိတ္ထီလာ မေ ၁၂

မန္တလေးတိုင်း မိတ္ထီလာမြို့ ကျေးရွာအုပ်စုလုံးကျွတ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံများ တည်ဆောက်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို မေ ၇ ရက် မွန်းလွဲ ၂ နာရီက ဝါးရုံ ကျေးရွာအုပ်စု အိုင်ကြီးလည် ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အိုင်ကြီးလည် စာကြည့်တိုက် ကော်မတီနာယက ဦးချစ်က စာကြည့်တိုက် ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းက ကျေးရွာအုပ်စုလုံးကျွတ် စာကြည့်တိုက်အဆောက်အအုံများ တည်ဆောက်နိုင်ရေး၊ စာအုပ်၊ စာစောင်များရရှိရေး၊ ငွေပဒေသာပင် ရရှိရေး၊ စာဖတ်ပိုင်းများ အပတ်စဉ်ပြုလုပ်နိုင်ရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။ **(အောက်ပုံ)** ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးကျော်လွင်နှင့် ကျေးရွာအသင်းစည်းရုံးရေးမှူးတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

(ခရိုင် ပြန်/ဆက်)

အကြိမ်(၁၁၀)ပြည့်သွေးလှူ

ရန်ကုန် မေ ၂၅

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၉)ရပ်ကွက် ဗိုလ်သုန်လမ်း အမှတ် ၈၉၃နေဦးကျော်သိန်း(ကာကွယ်ရေးဝန်ကြီးဌာန၊ တပ်မတော် ချည်မျှင်နှင့်အထည်စက်ရုံ–သမိုင်း) (ငြိမ်း) လူမှုထူးချွန် (ပထမဆင့်) မျက်ကြည်လွှာ လှူဒါန်းထားသူ**(ဝဲပုံ)**သည် မတ် ၃၀ရက်က ရန်ကုန်အရှေ့ပိုင်း ပြည်သူ့ဆေးရုံကြီးတွင် အကြိမ်(၁၁၀)ပြည့် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က–ပ)**

26-4 (15) 1 4/25/07, 12:53 PM

နန်းဥတ္တရစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် ငွေပဒေသာပင်နှင့် သုတ၊ ရသစာအုပ်မျိုးစုံ လှူဒါန်း

မန္တလေး ဧပြီ ၈

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ နန်းဥတ္တရ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ပရိဘောဂ၊ စာအုပ် စာစောင်နှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို မတ်၂၉ရက် နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက်တွင်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် စာကြည့်တိုက် ကော်မတီဝင် ဦးဌေးညွန့်တို့က စာကြည့်တိုက် အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ (ဝဲပုံ)

ထို့နောက် ပရိဘောဂ၊ စာအုပ် စာစောင်နှင့် ငွေပဒေသာပင်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစောဌေးက သုတ၊ ရသ စာအုပ်မျိုးစုံ အုပ် ၂၅၀၊ ဖောင်တော်ဦး မြတ်စွာဘုရား သာရေး၊ နာရေး အသင်းသူ၊ အသင်းသားများက ငွေပဒေသာပင် မတည်ငွေကျပ် ၅၀၀၀၀၀၊ ဦးဝင်းမြင့်-ဒေါ်မမြသင်းက ငွေကျပ် ၁၀၀၀၀၊ ဦးစန်းယုမိသားစုက ငွေကျပ် ၅၀၀၀နှင့် သုတ၊ ရသ စာအုပ်မျိုးစုံ ၄၅အုပ်၊ ဦးမြင့်အောင်မိသားစုက စာအုပ်မျိုးစုံ ၅၂အုပ်၊ ဦးဝင်းတင့်(မင်းထက်စတိုး)က စာအုပ်မျိုးစုံ ၁၆အုပ်တို့ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းက လက်ခံယူသည်။

ယင်းနောက် နေ့စဉ်ထုတ်သတင်းစာများနှင့် အပတ်စဉ်ထုတ် ဂျာနယ်ငါးမျိုး အလှူရှင်များကိုယ်စား ဦးတင်မောင်ဝင်းကလည်းကောင်း၊ ဦးကြည်တင် မိသားစုက စားပွဲတစ်လုံး၊ ထိုင်ခုံတစ်လုံးနှင့် နာရီတစ်လုံးတို့ကို လည်းကောင်း၊ ဦးကံ-ဒေါ်လှရှင်၊ သမီး ဒေါ်ခင်ဌေးမိသားစုတို့က စားပွဲတစ်လုံး၊ ထိုင်ခုံတစ်လုံးကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက် ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအုန်းကြိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းဇော်ချစ်နှင့် ကျန်းမာရေးမှူး(၂)ဦးမြတ်သူတို့ ပါဝင်သော အဖွဲ့ မတ် ၁၅ရက်က တောင်ငူမြို့နယ် ဆူးတပ်ကျေးရွာ၌ ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ ဟောပြောပွဲနှင့် ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုတို့ကို ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ဘီးလင်းမြို့နယ် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ဘီးလင်း ဧပြီ ၁၂

ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း(၁/၂၀၀၇)ကို မတ် ၂၃ရက် နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်(၅)ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၄အုပ်စုမှ ကျေးရွာစာကြည့်တိုက်မှူးများ တက်ရောက်ကြသည်။ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်သိန်းက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

သင်တန်းတွင် မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးနွယ်က ပြန်ကြားရေးဝန်ကြီးဌာနအကြောင်း၊ စာကြည့်တိုက်မိတ်ဆက်နှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးကိုလည်းကောင်း၊ စာကြည့်တိုက်လက်ထောက်(၃) ဒေါ်အေးမျိုးမျိုးစံက မျိုးတူစုမိတ်ဆက်၊ စာအုပ်မှတ်ပုံတင်ခြင်းနှင့် စာအုပ်ငှားရမ်းခြင်းတို့ကို ပို့ချခဲ့ကြသည်။ ထို့နောက် ကျေးရွာစာကြည့်တိုက်မှူးများအား လက်တွေ့ကွင်းဆင်း၍ ပို့ချဆောင်ရွက်ခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

မီးသတ်ရေပိုက် ပေးအပ်လှူဒါန်း

ဖြူး ဧပြီ ၂၀

ပဲခူးတိုင်း ဖြူးမြို့နယ်စည်ပင်သာယာရေး အဖွဲ့က ကြီးမှူး၍ ဧပြီ ၉ရက် နံနက် ၉နာရီက ကညွတ်ကွင်းဈေးရုံးခန်းမဆောင်၌ ဈေးအရန်မီးသတ်ဝတ်စုံနှင့် မီးသတ်ရေပိုက်ပေးအပ် လှူဒါန်းပွဲ ကျင်းပသည်။

အခမ်းအနားတွင် ကညွတ်ကွင်းမြို့ ဈေးအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးကံစိန်က အမှာစကားပြောကြားပြီး မီးသတ်တူညီဝတ်စုံ ၂၀ နှင့် မီးသတ်ရေပိုက်တို့ကို အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်ထံ ပေးအပ်ရာ **(အောက်ပုံ)** အမှုဆောင်အရာရှိက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မီးဘေးကာကွယ်ရေး ကြိုတင်ဇာတ်တိုက်လေ့ကျင့်

ညောင်ဦး ဧပြီ ၉

ညောင်ဦး(ပုဂံ) မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကကြီးမှူး၍ မတ် ၁၀ရက်က မဏိစည်သူဈေးကြီးအတွင်း သန့်ရှင်းခြင်းနှင့် မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် ကြိုတင်ဇာတ်တိုက် လေ့ကျင့်ကြသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိ သူများ၊ ခရိုင်နှင့်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ တက်ရောက်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုခုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

ပျဉ်းမနားခရိုင်တရားရုံး

၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်-၂၇ (အမ်)

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၁။ ဦးတင်ဌေး
ပျဉ်းမနားမြို့။ ၂။ ဒေါ်ခင်သန်းဌေး
(၎င်းဘဏ်၏ကိုယ်စား ခရိုင်မန်နေဂျာ)
တရားနိုင် **တရားရှုံး**

ပျဉ်းမနားခရိုင်တရားရုံး၏ ၂၀၀၆ ခုနှစ် တရားမကြီးမှုအမှတ် ၅/၂၀၀၆တွင် ချမှတ်ထားသော ဒီကရီအရ တရားရှုံးများက တရားနိုင်သို့ ပေးသွင်းရန်ကျပ် ၃၂၆၈၉၁၆ကျပ်ဝ၂ပြား (သုံးဆယ့်နှစ်သိန်းခြောက်သောင်းရှစ်ထောင်ကိုးရာတစ်ဆယ့်ခြောက်ကျပ်နှင့်သုညနှစ်ပြား)တိတိကို ပေးသွင်းရန်အတွက် အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ၂၀၀၇ ခုနှစ် မေလ ၂၅ ရက်၊ (၁၃၆၉ခုနှစ် နယုန်လဆန်း ၁၀ ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရှိရာ အရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ပျဉ်းမနားမြို့ လမ်းပျဉ်းမနားရွာရှိ ကွင်းအမှတ်(၁၆၇၂/ပျဉ်းမနားဟောင်း)၊ မြေကွက် အမှတ်(၅၀၂) မြေဧရိယာ ၀ ဒသမ ၂၇ ဧကရှိ ရွာမြေနှင့်ယင်းမြေပေါ်ရှိ (၂၈x ၂၅)ပေ သွပ်မိုး၊ အုတ်ကာ နှစ်ထပ်အဆောက်အအုံ။

ကြမ်းခင်းဈေး(ကျပ်လေးဆယ့်ရှစ်သိန်းတိတိ)

လေလံစည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်ဘဏ်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှသာ ဖြစ်ပါသည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့် စနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့် အတိုင်းရောင်းချမည်ဖြစ်ပါသည်။

၃။ လေလံအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

ခင်မောင်ဌေး
ခရိုင်တရားသူကြီး
ပျဉ်းမနားခရိုင်တရားရုံး။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုခုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

ပျဉ်းမနားခရိုင်တရားရုံး

၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်-၁(အမ်)

မြန်မာ့စီးပွားရေးဘဏ် ၁။ ဦးပေါ်ကြွယ်
ပျဉ်းမနားမြို့။ **နှင့်** ၂။ ဒေါ်ခင်သောင်း
(၎င်းဘဏ်၏ကိုယ်စား ခရိုင်မန်နေဂျာ)
တရားနိုင် **တရားရှုံး**

ပျဉ်းမနားခရိုင်တရားရုံး၏ ၂၀၀၆ခုနှစ် တရားမကြီးမှုအမှတ် ၄၂/၂၀၀၆ တွင် ချမှတ်ထားသော ဒီကရီအရ တရားရှုံးများက တရားနိုင်သို့ ပေးသွင်းရန် ကျပ်၂၃၈၁၂၇၀၊ ၅၉ပြား(ကျပ်နှစ်ဆယ့်သုံးသိန်းရှစ်သောင်းတစ်ထောင့်နှစ်ရာခုနစ်ဆယ်နှင့်ငါးဆယ့်ကိုးပြား) တိတိကို ပေးသွင်းရန်အတွက် အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ၂၀၀၇ခုနှစ် မေလ ၂၅ ရက်၊ (၁၃၆၉ ခုနှစ် နယုန်လဆန်း၁၀ ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ပျဉ်းမနားမြို့ အောင်မင်္ဂလာ ၃လမ်း အမှတ်(၁၆၅၁)သပြေလုရှိ ဦးပိုင်အမှတ်(၁၂/၄) မြေဧရိယာ ၀ ဒသမ ၀၇၅ ဧကရှိ ဂရန်မြေ-ယင်းမြေပေါ်ရှိ (၃၆x၂၅ ဒသမ ၆)ပေ သွပ်မိုး၊ တိုက်ခံ ပျဉ်ထောင် နှစ်ထပ်အဆောက်အအုံ။

ကြမ်းခင်းဈေး (ကျပ်သိန်းတစ်ရာတိတိ)

လေလံစည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှသာဖြစ်ပါသည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့် စနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့် အတိုင်း ရောင်းချမည် ဖြစ်ပါသည်။

၃။ လေလံအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

ခင်မောင်ဌေး
ခရိုင်တရားသူကြီး
ပျဉ်းမနားခရိုင်တရားရုံး။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုခုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

ပျဉ်းမနားခရိုင်တရားရုံး

၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်-၂၄(အမ်)

မြန်မာ့စီးပွားရေးဘဏ် ၁။ ဦးချစ်အောင်
ပျဉ်းမနားမြို့။ **နှင့်** ၂။ ဒေါ်လှဆယ်
(၎င်းဘဏ်၏ကိုယ်စား ခရိုင်မန်နေဂျာ)
တရားနိုင် **တရားရှုံး**

ပျဉ်းမနားခရိုင်တရားရုံး၏ ၂၀၀၆ခုနှစ် တရားမကြီးမှုအမှတ် ၆/၂၀၀၆ တွင် ချမှတ်ထားသော ဒီကရီအရ တရားရှုံးများက တရားနိုင်သို့ ပေးသွင်းရန် ၁၅၉၂၀၁၃ကျပ်၊ ၂၉ပြား (တစ်ဆယ့်ငါးသိန်းကိုးသောင်းနှစ်ထောင့်တစ်ဆယ့်သုံးကျပ်နှစ်ဆယ့်ကိုးပြား)တိတိကို ပေးသွင်းရန်အတွက် အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ၂၀၀၇ခုနှစ်မေလ ၂၅ ရက်၊ (၁၃၆၉ ခုနှစ် နယုန်လဆန်း၁၀ ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရှိရာ အရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ပျဉ်းမနားမြို့နယ် ပျဉ်းမနားဟောင်းအုပ်စု ကြို့ပင်အနောက်ရွာရှိ ကွင်းအမှတ်(၁၆၇၃/က/ကြို့ပင်အနောက်) မြေကွက်အမှတ် ၂၀၉၊ ဧရိယာ ၀ဒသမ ၃၇ဧကရှိ ရွာမြေနှင့် ယင်းမြေပေါ်ရှိ(၄ x ၃)ပင် (၂၅ ဒသမ ၆ x ၁၇)ပေ နှစ်ထပ်အုတ်နံကပ်သွပ်မိုး အဆောက်အအုံနှင့်တွဲလျက် (၂x၃)ပင် (၁၂ x၁၇)ပေ နှစ်ထပ်အုတ်ခံပျဉ်ကာသွပ်မိုး အဆောက်အအုံ။

ကြမ်းခင်းဈေး(ကျပ်သိန်းလေးဆယ်တိတိ)

လေလံစည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်များမှာ တရားနိုင်ဘဏ်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှသာဖြစ်ပါသည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးကတာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့် စနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့် အတိုင်း ရောင်းချမည် ဖြစ်ပါသည်။

၃။ လေလံအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

ခင်မောင်ဌေး
ခရိုင်တရားသူကြီး
ပျဉ်းမနားခရိုင်တရားရုံး။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/ ၃၀၀၉၃ Honda C90 Custom cmv ယာဉ်လက်ဝယ်ရှိသူအမည် ဦးကျော်သူရ မှတ်ပုံတင်အမှတ် ၉/မရမ(နိုင်)၀၁၃၈၆၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း၊မြောက်ပိုင်း)မန္တလေးမြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/ ၁၆၆၈၂၊၁ယ/၁၄၇၄၆၊ ၁ယ/၁၄၇၄၃ Honda C90 Custom ယာဉ်လက်ဝယ် ရှိသူအမည် ဒေါ်တင်တင်လှဲ၊ မှတ်ပုံတင်အမှတ် ၉/ပကခ(နိုင်)၀၀၃၂၆၇က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့။

ကိုဒူကွဲရေလှောင်တမံစီမံကိန်း ပဲခူးမြို့နယ် ကိုဒူကွဲချောင်းပေါ်၌တည်ဆောက်နေ မြေသားတမံအမျိုးအစားဖြစ်ပြီး ကန်ရေသိုလှောင်နိုင်မှုမှာ ဧကပေနှစ်သိန်းတစ်သောင်းကျော်ရှိ

ဇောင်းတူရေလွှဲဆည်သို့ ရေကူပေးမည့်အပြင် နွေသီးနှံစိုက်ပျိုးရေး ရေပိုမိုပေးဝေနိုင်မည်

ရန်ကုန် မေ ၂၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မေ ၂၃ ရက် မွန်းလွဲ ၂ နာရီခွဲက ပဲခူးတိုင်း ပဲခူးမြို့နယ် ကိုဒူကွဲချောင်းပေါ်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ကိုဒူကွဲရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးမြင့်သန်းက ရေလှောင်တမံ အကြိုတည်ဆောက်ရေးလုပ်ငန်းများဖြစ်သည့် အဝင်လမ်းဖောက်လုပ်ခြင်း၊ မြေပြင်တိုင်းတာခြင်းလုပ်ငန်းများ၊ တမံအူကြောင်းနေရာရှင်းလင်းခြင်း၊ ရေပိုလွှဲတည်ဆောက်ရေးလုပ်ငန်း စတင်ဆောင်ရွက်နေမှု၊ ဘူမိဗေဒစမ်းသပ်လေ့လာရေးလုပ်ငန်းများဖြစ်သည့် ပင်မတမံအူကြောင်းတစ်လျှောက် စိန်လွန်ကျင်းခုနစ်တွင်း၊ ရေပိုလွှဲအူကြောင်းတစ်လျှောက် သုံးတွင်းဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

အပူချိန်

၂၅-၄-၂၀၀၇

နေပြည်တော်	၄၂	ဒီဂရီစင်တီဂရိတ်
သီပေါ	၃၆	ဒီဂရီစင်တီဂရိတ်
ကသာ	၃၇	ဒီဂရီစင်တီဂရိတ်
ကျောက်တော်	၃၈	ဒီဂရီစင်တီဂရိတ်
သထုံ	၃၉	ဒီဂရီစင်တီဂရိတ်
ရန်ကုန်(ကမ္ဘာအေး)	၄၀	ဒီဂရီစင်တီဂရိတ်
မုံရွာ၊ ညောင်ဦး	၄၁	ဒီဂရီစင်တီဂရိတ်
ပြည်	၄၂	ဒီဂရီစင်တီဂရိတ်
မင်းဘူး	၄၃	ဒီဂရီစင်တီဂရိတ်

ကိုဒူကွဲ ရေလှောင်တမံစီမံကိန်း

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ပဲခူးမြို့နယ် ကိုဒူကွဲ ရေလှောင်တမံစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(လယ်ယာ/ဆည်မြောင်း)

ထုတ်လုပ်မှုလုပ်ငန်းများ လျာထားချက်ကျော်လွန်ရေး စီမံဆောင်ရွက် စက်ပစ္စည်းအမယ်(အမည်)သစ်များ စမ်းသပ်တီထွင်ထုတ်လုပ် အရည်အသွေးပြည့်မီပြီး ကုန်ကျစရိတ် လျှော့နည်းရေးစွမ်းဆောင်

နေပြည်တော် မေ ၂၅

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၁ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းအနောက်ပိုင်း ပန်းတောင်းမြို့နယ်ရှိ အမှတ်(၁)စက်နှင့်စက်ကိရိယာပစ္စည်းထုတ်လုပ်မှုစက်ရုံ(ညောင်ခြေထောက်)ကို ကြည့်ရှုစစ်ဆေးရာ ရှေးဦးစွာ စက်ရုံ ရှင်းလင်းဆောင်၌ အထွေထွေမန်နေဂျာ ဦးသစ်လွင်လေးက စက်ရုံ၏ ၂၀၀၆-၂၀၀၇ ခု ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ၊ ထုတ်ကုန်ပစ္စည်းတစ်ခုချင်းအလိုက် ထုတ်လုပ်မှုအခြေအနေနှင့် စက်ရုံ၏ ဝင်ငွေနှင့် အသုံးစရိတ်အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ယင်းနောက် ဝန်ကြီးက စက်ရုံ၏ ထုတ်လုပ်မှုလုပ်ငန်းများကို လျာထားချက် ပြည့်မီကျော်လွန်ရေးအတွက် စနစ်တကျ စီမံဆောင်ရွက်ရေး၊ စက်ပစ္စည်းအမယ်သစ်များ စမ်းသပ်တီထွင် ထုတ်လုပ်ရေး၊ အရည်အသွေး ပြည့်မီစေရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများ ကိုက်ညီမှုရှိစေရေး၊ ထုတ်လုပ်မှု ကုန်ကျစရိတ်လျှော့နည်းရေး၊ အလေအလွင့်နည်းပါးရေး၊ လျှပ်စစ်ဓာတ်အားနှင့် စက်သုံးဆီချွေတာရေးတို့ကို ဆွေးနွေးမှာကြားသည်။ ထို့နောက် ဝန်ကြီးသည် တပ်ဆင်ရေးအလုပ်ရုံ၌ စက်ရုံမှထုတ်လုပ်ပြီးစီးသည့် Drilling Machine များ၊ CNC Lathe Machine များကိုလည်းကောင်း၊ စက်ပစ္စည်းအလုပ်ရုံ၌ စက်ပစ္စည်းအစိတ်အပိုင်း အမျိုးမျိုး စက်ခုတ်စားထုတ်လုပ်နေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

စာမျက်နှာ ၈ ကော်လံ ၂ ✻

အချိန်အခါမဟုတ် မိုးရွာနိုင်

နေပြည်တော် မေ ၂၅

ယနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီ တိုင်းထွာချက်အရ အရှေ့ဘက်မှ ရွေ့လျားလာသော လေဖိအားနည်း ချိုင့်ဝှမ်းများ၏ အရှိန်ကြောင့် ယနေ့ညနေမှ နောက် ၄၈ နာရီအတွင်း မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မိုးရွာစဉ် အရှေ့ဘက်မှ လေပြင်းများ တစ်နာရီလျှင် မိုင် ၃၀ မှ ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

26-4 (20) 1 4/25/07, 12:54 PM